မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၃၇)

ရခိုင်ပြည်နယ်အတွင်း ပေ ၁၈၀ နှင့်အထက် ၃၃ စင်းမြောက် သဇင်တန်ပေါက်တံတားသစ်ကြီးဖွင့်လှစ် ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နေပြည်သူများ အချိန်တိုအတွင်း အခြားပြည်နယ်နှင့် တိုင်းများသို့ ဆက်သွယ်သွားလာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သဇင်တန်ပေါက်တံတား ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့က ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရန်ကုန်–တောင်ကုတ်–မအီ–ကျောက်ဖြူလမ်း(မအီ– ကျောက်ဖြူ အပိုင်း)ရှိ သဇင်တန်ပေါက်ချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးပြီဖြစ်သော သဇင်တန်ပေါက်တံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားဖွင့်ပွဲ မဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့်တံတားကြီးသည် ကျောက်ဖြူမြို့မှ ၅၇/၅ မိုင်ကွာဝေးသည့် သဇင်တန်ပေါက်ချောင်းပေါ်ရှိ အလျား ၅၈၂ ပေ ၄ လက်မအရှည်ရှိသော သဇင်တန်ပေါက်တံတား ကြီးဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူကားလမ်းမကြီးပေါ်တွင် တံတားကြီး ၁၀ စင်းရှိသည့်အနက် မအီတံတား၊ ကျောက်ကြီး ပေါက်တံတား၊ စနဲပေါက် တံတား၊ ဒီးဒုတ်ပေါက်တံတား၊ လုံးတော်ပေါက်တံတား၊ သံသမကြီးတံတား၊ သံသမချေတံတား စသည့် တံတားကြီးခုနစ်စင်းကို အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုဖွင့်လှစ်သည့် သဇင်တန်ပေါက်တံတားသည် အဋ္ဌမမြောက် ဖွင့်လှစ်နိုင်သည့် တံတားကြီးတစ်စင်းဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း ၃၃ စင်း မြောက် ဖွင့်လှစ်နိုင်သည့်တံတားကြီး လည်းဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိကျန်ရှိသည့် တံတားကြီးနှစ်စင်းအနက် ရခိုင်ပြည်နယ်တွင် အရှည်ဆုံး တံတားဖြစ်သော အရှည် ၂၇၀၄ ပေရှိ မင်းကြောင်းချောင်းတံတားကြီးသည်

စာမျက်နှာ ၃ ကော်လံ ၁ ✡

နယ်ချဲ့လက်သစ်တို့၏ရန်ကို တွန်းလှန်ကာကွယ်ကြရမည်

တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားကြောင့် နှစ်ပေါင်းတစ်ရာကျော် မိမိတို့နိုင်ငံနှင့် လူမျိုးအပေါ် ခြယ်လှယ်သွေးစုပ်ခဲ့သော ကိုလိုနီနယ်ချဲ့တို့သည် လွတ်လပ်ရေးကို မပေးလိုသော်လည်း နောက်ဆုံးတွင် လွတ်လပ်ရေးကို ပေးခဲ့ရပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို လက်မလွှတ်လိုဘဲ လက်လွှတ်လိုက်ရသောကြောင့် သူတို့အပေါ် အရှည်သဖြင့် မှီခိုအားထားနေစေရန်၊ သူတို့ဩဇာညောင်းစေရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့တိုင်းရင်းသား ညီနောင်သားချင်းများအကြားတွင် အမျိုးမျိုးအဖုံဖုံ သွေးခွဲမှုများကို ပြုလုပ်ခဲ့ပါသည်။ ယနေ့ထက်တိုင်လည်း နယ်ချဲ့လက်သစ်များနှင့် လက်ဝေခံများသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန် နည်းပရိယာယ်မျိုးစုံဖြင့် ကျွန်ုပ်တို့၏ ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန် ကြိုးစားနေဆဲပင်ဖြစ်ပါသည်။ ဤအခြေအနေကို ကျွန်ုပ်တို့တိုင်းရင်းသား ညီနောင်သားချင်းများက မျှော်ခေါ်သိမြင်ကာ နယ်ချဲ့လက်သစ်တို့၏ရန်ကို တွန်းလှန်ကာကွယ်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် သဇင်တန်ပေါက်တံတား ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ဆောက်လုပ်ရေး)

အသီးတစ်ရာ
အညှာတစ်ခု
ဒို့ပြည်ထောင်စု

မြန်မာ့အလင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

❑ ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားသိမ်းပိုက်နိုင်ခဲ့သော်လည်း မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ကို လုံးဝဖြိုဖျက်နိုင်ခြင်း မရှိခဲ့ပေ။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတို့၏အမျိုးအနွယ်ကို စောင့်ထိန်းသည့်စိတ်ဓာတ်၊ မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးကို လေးစားမြတ်နိုးသည့်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိပါးစော်ကားမှုကိုမခံသည့် စိတ်ဓာတ်များဖြစ်သည်။ ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာလည်း မျိုးချစ်စိတ်ဓာတ်အပေါ်တွင် အခြေခံသည်။

ကြည်ကြည်ချို(တောင်ကြီးတက္ကသိုလ်)၏ ဆောင်းပါး (စာ-၈)

❑ ပြည်ထောင်စုမြန်မာပြည်
မြင်းမူမောင်နိုင်မိုး၏ ကဗျာ (စာ-၉)

❑ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ရှမ်းပြည်နယ်
သတင်းဓာတ်ပုံမှတ်တမ်း (စာ-၉)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးသတိဖြင့်ကာကွယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတွင်–

“ယနေ့အချိန်အခါတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန်၊ လက်နက်ကိုင်ပဋိပက္ခများ ပြန်လည် ပေါ်ပေါက်စေရန် လူမျိုးရေး သွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများ၊ နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုး စွက်ဖက်နှောင့်ယှက်မှုများ လုပ်ဆောင်လျက်ရှိသည်ကို အမျိုးသားရေးသတိဖြင့် ရှုမြင်ကြရန် လိုအပ်ပါသည်”

ဟူ၍ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံသည် ရေးနှစ်ပေါင်းများစွာကပင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်လာခဲ့သော်လည်း ကုန်းဘောင်မင်းဆက်များ လက်ထက်တွင် ကိုလိုနီနယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲသည်ကိုခံခဲ့ရ၍ စည်းလုံးညီညွတ်မှုပျက်ပြားခဲ့ပြီး ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်ခဲ့ရသည့်အတွက် နိုင်ငံတော်သည် ကိုလိုနီနယ်ချဲ့တို့၏လက်အောက် ကျွန်သပေါက်ဘဝကို ၁၂၃ နှစ်တိုင် ကျရောက်ခဲ့ရသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများအပေါ် ရေရှည်သွေးစုပ်ခြယ်လှယ် အုပ်ချုပ်နိုင်ရန် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များကြီးထွားလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် နည်းမျိုးစုံဖြင့် သွေးထိုးလုပ်ကြံဖန်တီးခဲ့သည်။

ကိုလိုနီနယ်ချဲ့များသည် ပြည်မနှင့်တောင်တန်း သွေးခွဲအုပ်ချုပ်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုမရှိသည့် တောင်တန်းဒေသများသည် ဖွံ့ဖြိုးမှုနောက်ကျသည်ထက် နောက်ကျခဲ့ရသည်။ ကိုလိုနီနယ်ချဲ့များအနေဖြင့် မလွဲမရှောင်သာ လွတ်လပ်ရေးပေးရတော့မည့် အခြေအနေရောက်နေချိန်မှာပင် တောင်တန်းဒေသများကို ၎င်းတို့၏ဩဇာခံ နယ်ပယ်များအနေဖြင့် ဆက်လက်သိမ်းသွင်း အုပ်စိုးလိုသည့်အတွက် မြေပြန့်နေ တိုင်းရင်းသားများနှင့် တောင်တန်းဒေသ တိုင်းရင်းသားများအကြား စိတ်ဝမ်းကွဲပြားအောင် အမျိုးမျိုးအဖုံဖုံ သွေးခွဲသပ်လျှိုမှုများ လုပ်ခဲ့သည်။

အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြေ၌ ပြည်မတောင်တန်း မခွဲခြားဘဲ အတူတကွ လွတ်လပ်ရေးရယူကြမည်ဆိုသည့် ခိုင်မြဲသည့်သန္နိဋ္ဌာန်ကိုချခဲ့ကြသည်။ ပင်လုံညီလာခံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာပြသနိုင်ခဲ့၍ ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးပြန်လည်ရရှိကာ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လွတ်လပ်ရေးရပြီးသည့်နောက်တွင်လည်း ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ လူမျိုးရေး ပဋိပက္ခဖြစ်အောင် သပ်လျှိုသွေးခွဲမှု၊ ဝါဒရေးရာအရ ဖြားယောင်းသိမ်းသွင်းမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ဆူပူဆန့်ကျင်မှုအန္တရာယ်သည် လွန်စွာကြီးမားပြင်းထန်ခဲ့သည်။ တစ်နိုင်ငံလုံးနီးပါး ရောင်စုံလက်နက်ကိုင်ဆန့်ကျင်မှုများ၏ အရိပ်မည်းကြီးအောက် ကျရောက်ခဲ့ရသည်။

တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်တွင် **“ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”**ဟူသည့် အမျိုးသားရေးမူဝါဒကိုချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်ခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးအေးချမ်းသာယာဝပြောပြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ယခုကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းနေချိန်၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲညီညီ အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိနေချိန်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးအတွက် အသက်တမျှအရေးကြီးသည့် အမျိုးသားညီလာခံကြီးကို အရှိန်အဟုန်ဖြင့် ကျင်းပနေချိန်တွင် ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးအချို့က အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတစ်စုကို အသုံးချပြီး တိုင်းရင်းသားပြည်သူများအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေရန်၊ အမျိုးသားညီလာခံကြီး ပျက်ပြားစေရန် နည်းမျိုးစုံသုံးပြီး ဟန့်တားနှောင့်ယှက်မှုများ ပြုနေကြသည့်အတွက် ယင်းအန္တရာယ်များကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိထားကာကွယ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဆားထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆားလုပ်ကွက်များ အရှိန်အဟုန်မပျက်ဆောင်ရွက် တိုးတက်လာမည့်လူဦးရေနှင့် စက်မှုလုပ်ငန်းများအတွက် လုံလောက်စေရေးကြိုတင်စီစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်လိုက်ပါလျက် ဖေဖော်ဝါရီ ၉ ရက်က ဧရာဝတီတိုင်းပုသိမ်မြို့ရှိ တိုင်းမန်နေဂျာရုံးသို့ရောက်ရှိ၍ အစည်းအဝေးခန်းမ၌ တိုင်းမန်နေဂျာ ဦးဘိုအောင်က ဧရာဝတီတိုင်းအတွင်းရှိ နိုင်ငံပိုင် ဆားကွင်းများနှင့် ပုဂ္ဂလိကဆားကွင်းများ၏ ဆားထုတ်လုပ်မှု၊ ဆားစက်များမှ အိုင်အိုဒင်းဆား ထုတ်လုပ်မှုများကိုတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆားထုတ်လုပ်မှု လုပ်ငန်းများနှင့် ဆားလုပ်ကွက်များ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရေး၊ နိုင်ငံတော်၏တိုးတက်လာမည့်လူဦးရေနှင့် စက်မှုလုပ်ငန်းများအတွက် ဆားထုတ်လုပ်မှုလုံလောက်စေရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရန် မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည်ရေယာဉ်ဖြင့် လမ်းတစ်လျှောက်ရှိ ဆားကွင်းများ ပြင်ဆင်နေမှုများကို ကြည့်ရှု၍ ငပုတောမြို့နယ်ရှိ ဦးအင်းယား၏ ကျောက်ကလပ်ချောင်း ဆားကွင်းကို ကြည့်ရှုအားပေးပြီး ထုတ်လုပ်မှု တိုးတက်ရေး၊ ဆားကွင်းဝန်းကျင် နေရာလွတ်များ၌ ခြံစည်းရိုး ကြက်ဆူပင်များ ကွက်ပြည့် စိုက်ပျိုးကာ ကြက်ဆူဆီဖြင့် စက်မောင်းနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားသည်။

ဇန်နဝါရီ ၂၄ ရက်က အမက (၁၀) စမ်းချောင်းတွင် နယ်လှည့်စာကြည့် တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်း ရွှေ နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် ငပုတောမြို့နယ် သမဲ့ဖြူ ဆားလုပ်ငန်း၌ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ကြက်ဆူပင်စိုက်ပျိုးရေးနည်းစနစ်နှင့် အကျိုးဖြစ်ထွန်းမှုများကို ရှင်းလင်းမှာကြားကာ ကြက်ဆူစေ့နှင့် ကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး ဆားကွင်းပြင်ဆင်နေမှုနှင့် နေလှန်းဆားထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးသည် လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာ ဆားဖိုစုရှိ ဦးလှသောင်း၏ ဆားကွင်းသို့ သွားရောက်ကြည့်ရှု အားပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် သဃ်န်းကလေး ဆားလုပ်ငန်းသို့ ရောက်ရှိပြီး ဆားကွင်းပြင်ဆင် ဆောင် ရွက်နေမှုနှင့် ဆားထုတ်လုပ်မှုများ၊ ကျေးလက်မီးလင်းရေးအတွက် လေအား လျှပ်စစ်တပ်ဆင် အသုံးပြုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မျှမျှတတဆောင်ရွက်

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် လပွတ္တာမြို့နယ်သို့ရောက်ရှိပြီး မြို့နယ်ခန်းမ၌ ဒေသအာဏာပိုင်များ၊ ဆားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆားထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရေး၊ အခွန်အခများ မှန်မှန်ကောက်ခံရရှိရေး၊ ဆားထုတ်လုပ်တင်ပို့မှု တရားဝင်ခွင့်ပြုထားပြီး ဖြစ်၍ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် မျှမျှတတဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အသင်းအတွင်းရေးမှူးနှင့် အလုပ် အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၄-၂-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀	၆။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၁၀	၈။	ပညာခေတ်
၅း၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ချစ်ထုံးရယ်မပြယ်”** (အပိုင်း–၁၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပါရမီရှင်သိုင်းလုလင်”** (အပိုင်း–၁၈)

၁၅-၂-၂၀၀၆

၀၂း၀၀	English Premier League ဘောလုံးပွဲအစီအစဉ် Liverpool Vs Arsenal

✡ **ရှေ့ဖုံးမှ**

ဖွင့်လှစ်ရန် အသင့်ရှိနေပြီဖြစ်သကဲ့သို့ တည်ဆောက်ဆဲ ဝန်ဖိုက်တံတားကြီးသည်လည်း မကြာမီကာလတွင် တည်ဆောက်ပြီးစီးတော့မည်ဖြစ်ကြောင်း။

တိုးတက်ကောင်းမွန်လာ

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်စီမံမှုဖြင့် ရခိုင်ပြည်နယ် အတွင်း လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏အစီအမံဖြင့် ပထမဆုံးဖွင့်လှစ်နိုင်ခဲ့သည့်လမ်းသည် အရှည် ၅၃၅/၃မိုင်ရှည်လျားသည့် စစ်တွေ-အမ်း-ရန်ကုန် လမ်းမကြီးဖြစ်ကြောင်း၊ ယင်းလမ်းမကြီးသည် မြစ်ချောင်းများ၊ တောင်တန်းများပေါ် ဖြတ်ကျော်ပြီးတည်ဆောက်ခဲ့ရသည်ဖြစ်၍ ပေ၁၈၀ အထက် တံတားကြီး ၃၇စင်းအပါအဝင် တံတားငယ်စုစုပေါင်း ၈၀၀ ကျော်ဖြင့် အခက်အခဲများစွာကို အောင်မြင်စွာ ကျော်လွှားတည်ဆောက်နိုင်ခဲ့သည့် လမ်းမကြီး တစ်လမ်းဖြစ်ကြောင်း၊ စစ်တွေ-အမ်း-ရန်ကုန် လမ်းမကြီးကို ဖွင့်လှစ်ပြီးသည့်နောက် ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်စီမံပေးမှုဖြစ်သော အလျား ၄၀၇/၃ မိုင်ရှိသည့် ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီးကို ၂၀၀၁ ခုနှစ်မှ စတင်ဖောက်လုပ်ခဲ့ကြောင်း၊ ယင်းလမ်းမကြီးသည် မအီနှင့် ကျောက်ဖြူအကြား အကွာအဝေး ၇၅ မိုင်ရှိသည့်အနက် ရွှံ့နွံများထူထပ်သည့် ဒီရေတောအတွင်း မိုင် ၂၀ကိုဖြတ်သန်းကာ ခက်ခက်ခဲခဲ တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ဒီရေတောရွှံ့နွံများအတွင်း ကားလမ်းဖောက်လုပ်နိုင်ရန်အတွက် အဆင့်မြင့် Geotextileနည်းပညာသုံး၍ ခက်ခက်ခဲခဲတည်ဆောက်ရသကဲ့သို့ ပေ ၁၈၀အထက် တံတားကြီး ၁၀စင်းကိုလည်း တစ်ပြိုင်တည်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယခုအခါ လမ်းတည်ဆောက်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပြီး တံတားကြီး ၁၀စင်းရှိသည့်အနက် ယခု သဇင်တန်ပေါက် တံတားအပါအဝင် တံတားကြီးရှစ်စင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ ကျောက်ဖြူမှ ရန်ကုန်သို့လည်းကောင်း၊ ရမ်းဗြဲမှ ရန်ကုန်သို့လည်းကောင်း ခရီးသည်နှင့် ကုန်တင်မော်တော်ယာဉ်လိုင်းများ စတင်ဖွင့်လှစ် ပြေးဆွဲနိုင်ပြီဖြစ်သဖြင့် မည်သို့မျှ မဖြစ်နိုင်ဟုယူဆရသည့် အိပ်မက်လမ်းမကြီးသည် အသုံးပြုနေပြီဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့ရှိရပြီဖြစ်ကြောင်း။

အလွယ်တကူဆက်သွယ်သွားလာနိုင်

ယခုကဲ့သို့ ကျောက်ဖြူ-ရန်ကုန်လမ်းမကြီးဖွင့်လှစ်ခြင်းဖြင့် ရခိုင်ပြည်နယ်သည် အခြားပြည်နယ်၊တိုင်းများကို အဓိကလမ်းမကြီးသုံးခုဖြင့် အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယင်းလမ်းမကြီးများမှာ အရှည်၅၃၅/၃မိုင်ရှည်သည့် စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီး၊ အရှည်၄၁၇မိုင်ရှိသည့် ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်လမ်းမကြီးနှင့် အရှည်၂၃၃မိုင်ရှိသည့် သံတွဲ-ဂွ-ရန်ကုန် လမ်းမကြီးတို့ဖြစ်ကြောင်း၊ ဤလမ်းမကြီးသုံးခုကို အမ်း-မအီ-တောင်ကုတ်-သံတွဲ လမ်းမကြီးဖြင့်ဆက်စပ်လျက် ရခိုင်ပြည်နယ်အတွင်း ခရိုင်နှင့် မြို့နယ်အသီးသီးသည်လည်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် စစ်တွေ-အမ်း-တောင်ကုတ်-ဂွ အရှည်၄၈၃မိုင်ရှိ ကမ်းရိုးတန်းလမ်းလည်းရှိကြောင်း။

တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရခိုင်ပြည်နယ်အနေဖြင့် စပါးစိုက်ပျိုးရေးဧက ၁၂သိန်း ပြည့်မီအောင် စိုက်ပျိုးရန်လမ်းညွှန်မှု ပြုထားပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ၂၀၀၅-၂၀၀၆ စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၀၁၀၀၀၀၀ ဧက လျာထားခဲ့ရာတွင် ၁၁၀၀၆၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ ပြီး ၂၀၀၆-၂၀၀၇ စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက၁၂သိန်းအထိ စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နွေစပါးဧက သုံးသောင်းလျာထားခဲ့ပြီး ၁၂၁၄၈ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကိုလည်း စိုက်ဧက၂၀၃၅၁အထိ စိုက်ပျိုးနိုင်ခဲ့ပြီး ရော်ဘာကိုလည်း ဧကတစ်သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားရန်ဖြစ်ကြောင်း။

အလားတူ နိုင်ငံတော်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် သဘာဝလောင်စာ (Bio Diesel)ထုတ်လုပ်ပေးနိုင်မည့် ခြံစည်းရိုးကြက်ဆူပင်ကိုလည်း ၂၀၀၆-၂၀၀၇ စိုက်ပျိုးရာသီမှစပြီး သုံးနှစ်အတွင်းဧက ငါးသိန်း၊ အပင်ပေါင်းသန်း ၆၀၀ကို စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၂၀တွင် တစ်မြို့နယ်လျှင် ခြံစည်းရိုးကြက်ဆူပင်စိုက်ဧက ၂၅၀၀၀နှင့် အပင်ပေါင်းသန်း ၃၀စီဖြင့် သုံးနှစ်အတွင်း ပြည့်မီအောင်စိုက်ပျိုးသွားခြင်းဖြင့် လယ်ယာသုံးစက်ကိရိယာများ၊ ရေယာဉ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များအတွက် အဓိကလောင်စာစွမ်းအင် (Bio Diesel) ကို ဖြည့်တင်းပေး နိုင်မှာဖြစ်သကဲ့သို့ ထင်းအစားထိုးလောင်စာအဖြစ် မီးဖိုချောင်သုံး သဘာဝဒီဇယ်ဆီသုံးမီးဖိုများ သုံးစွဲလာနိုင်မည်ဖြစ်သည့်အတွက် ဒေသ၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်တင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ရခိုင်ပြည်နယ်အနေဖြင့် ယခင်က ရေကြောင်းနှင့် လေကြောင်းကိုသာ အားကိုးနေရပြီး ရာသီဥတုနှင့် သဘာဝအတားအဆီးအခက်အခဲများကြောင့် ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း သွားလာဆက်သွယ်ရာတွင် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့်တိုင်းများ ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသော်လည်း ယခုအခါ စစ်တွေ-အမ်း-ရန်ကုန်လမ်းမကြီး၊ ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန် လမ်းမကြီး၊ သံတွဲ-ဂွ-ရန်ကုန်လမ်းမကြီးနှင့် စစ်တွေ-ဂွ- အမ်း-တောင်ကုတ်-သံတွဲသွား ကမ်းရိုးတန်းလမ်းမကြီးတို့ တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ အခက်အခဲများစွာကြားမှ ပေါ်ပေါက်လာသည့် အိပ်မက်လမ်းမကြီးများနှင့်တကွ ယင်းလမ်းမကြီးများပေါ်ရှိ တန်ဖိုးကြီးမားလှသည့် တံတားကြီးများ အရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် တပ်မတော်အစိုးရတာဝန်ယူခဲ့သည့်ကာလအတွင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် လမ်းမိုင်ပေါင်း၅၀၀၅မိုင်နှင့် ယခု သဇင်တန်ပေါက် တံတားအပါအဝင် ပေ၁၈၀နှင့်အထက်တံတားကြီး၁၉၂စင်းကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက ၁၁စင်း၊ ရထား ပို့ဆောင်ရေးဝန်ကြီးဌာနက ခုနစ်စင်းနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက နှစ်စင်းအပါအဝင်ဆိုလျှင် စုစုပေါင်း၂၁၂စင်း ရှိပြီဖြစ်ကြောင်း။

တစ်နိုင်ငံလုံးကုန်သွယ်မှုပြု

ရခိုင်ပြည်နယ်အတွင်း၌ဆိုလျှင် ၁၉၈၈ခုနှစ်မတိုင်မီက ကားလမ်းစုစုပေါင်း ၄၄၈မိုင်သာရှိခဲ့ရာ ယခုဆိုလျှင် ၈၇၉/၁မိုင်ရှိလာပြီဖြစ်သည့်အတွက် ၄၄၉/၁ မိုင် တိုးတက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် ယခင်က ရေလမ်းနှင့်လေကြောင်းလမ်းများကိုသာအဓိကထားပြီး ကျန်ပြည်နယ်နှင့်တိုင်းများကို ဆက်သွယ်သွားလာနေကြရကြောင်း၊ ယခုဆိုလျှင် ရခိုင်ပြည်နယ်ကို ဝင်ပေါက်ကြီး လေးပေါက်အနေဖြင့် ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေအပိုင်း) ၂၀၂/၃ မိုင်၊ ရန်ကုန်-ကျောက်ဖြူလမ်း ၅၄၈/၆)မိုင်၊ ငသိုင်းချောင်း-ဂွလမ်း ၂၇/၀ မိုင်နှင့် ပန်းတောင်း- တောင်ကုတ်လမ်း (၅၅/၃)မိုင်တို့ဖြစ်ကြောင်း။

အလားတူ ရန်ကုန်-ကျောက်ဖြူလမ်းကို အသုံးပြုပြီး ရန်ကုန်မြို့မှ ကျောက်ဖြူရေနက်ဆိပ်ကမ်းအထိ လွယ်လင့်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့အတူပင် ငသိုင်းချောင်း-ဂွလမ်းကနေ ဧရာဝတီတိုင်းနှင့်လည်း တိုက်ရိုက်ဆက်သွယ် သွားလာနေကြပြီဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အသစ်ဖောက်လုပ်ပေးခဲ့သည့် လမ်းတချို့ကိုဖော်ပြရမည်ဆိုလျှင် တောင်ကုတ်-မအီ လမ်း(၄၃/၄)မိုင်၊ အမ်း-ပဒဲကြော-မအီလမ်း ၄၄/၇ မိုင်နှင့် မအီ-ကျောက်ဖြူလမ်း ၇၇/၃ မိုင်တို့ဖြစ်ကြောင်း၊ ယင်းလမ်းများဖောက်လုပ်ပေးသည့်အတွက် အခြားပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်လွယ်ကူသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း မြောက်ပိုင်းနှင့်တောင်ပိုင်းလည်း ယခင်ကကဲ့သို့ ပုသိမ်-မုံရွာလမ်းမှတစ်ဆင့် မကူးရတော့ဘဲ တိုက်ရိုက် လွယ်လွယ်ကူကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ဆောက်လုပ်ပေးထား

ရခိုင်ပြည်နယ်အနေဖြင့် ပြောရမည်ဆိုလျှင် ၁၉၈၈ခုနှစ် မတိုင်မီက ပေ ၁၈၀နှင့်အထက် တံတားကြီး ၁၁ စင်းသာရှိခဲ့ရာမှ ယခု ဤသဇင်တန်ပေါက်တံတားအပါအဝင် တံတားကြီး ၄၄ စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည့်အတွက် တံတားကြီး ၃၃စင်း တိုးတက်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းတံတားသစ်ကြီး ၃၃ စင်းမှာ တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းပေါ်တွင် ၁၁ စင်း၊ ရန်ကုန်-စစ်တွေလမ်းပေါ်တွင် ၁၅ စင်း၊ ဂွ-တောင်ကုတ်လမ်းပေါ်တွင် ခုနစ်စင်း တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တံတားငယ်များအနေဖြင့် ဖော်ပြရမည်ဆိုလျှင် ပေ ၁၀၀ နှင့် ပေ ၁၈၀ အကြား တံတားပေါင်း ၁၉စင်းနှင့် ပေ ၁၀၀ အောက်တံတား ၁၈၂စင်း ပေါင်း ၂၀၁စင်းတို့ကိုလည်း ဆောက်လုပ်ပေးထားပြီးဖြစ်ကြောင်း။

သဇင်တန်ပေါက်တံတားကို ၂၀၀၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး နှစ်နှစ်အကြာတွင် ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်ကြောင်း။

ပိုမိုတိုးမြှင့်ဆောင်ရွက်

ဤတံတားကို ဖွင့်လှစ်နိုင်ခြင်းကြောင့် ရခိုင်ပြည်နယ် ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်နေ ပြည်သူများသည် ပင်လယ်ထွက်ပေါက်ကိုသာ အားကိုးနေရာက ယခု မော်တော်ကားဖြင့် အချိန်တိုအတွင်း အခြားပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်သွားလာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ဤဒေသမှ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်အောင် အထူးပင် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤသဇင်တန်ပေါက်တံတားတစ်စင်း၏ ကုန်ကျစရိတ်သည် ပြည်တွင်းငွေကျပ်သန်းပေါင်း ၁၃၆၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၀ဒသ၁၇ သန်းကျော်ရှိကြောင်း၊ တစ်ပြည်လုံး အတိုင်းအတာအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်ပေးထားသည့် တံတား၁၉၂စင်းဆိုလျှင် မည်မျှကုန်ကျမည်ကိုခန့်မှန်းကြည့်နိုင်ကြောင်း၊ တံတား ၁၉၂ စင်း၏ ကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၁၃၅၀၀၀ကျော်နှင့် အမေရိကန်ဒေါ်လာသန်း ၁၇၀ကျော်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ဤလမ်း/တံတားများကို ရေရှည်အသုံးပြုနိုင်အောင်၊ တည်တံ့အောင်ထိန်းသိမ်းရင်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တတ်အားသရွေ့ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးအောင်တင်သိန်းက သဇင်တန်ပေါက်တံတား တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်းတို့ကို ကျေးဇူးတင်စကားပြောကြားသည်။

ပြည်ထောင်စုနေ့ အစီအစဉ်

“တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”

ဖေဖော်ဝါရီ ၁၃ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း သဃ်န်းကျွန်းမြို့နယ် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၃၈၊ ၃၉) သင်တန်းဆင်းပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှတ်စဉ် (၃၈၊ ၃၉) သင်တန်းသူ သင်တန်းသားများ၊ သဃ်န်းကျွန်းပညာရေးကောလိပ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ စုပေါင်းပေးအပ်သော အဆိုပြုလွှာ အစောင် ၄၄၀၀ ကို လက်ခံယူစဉ်။ (၀၅၂)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့သည် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်မုခ်ဦးသို့သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ သဇင်တန်ပေါက်တံတားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က စက်ခလုတ်နှိပ်၍ သဇင်တန်ပေါက်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဗိုလ်မှူးချုပ်မော်သိန်းတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြ၍ တံတားကို ဖြတ်သန်းကြည့်ရှုကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သဇင်တန်ပေါက်တံတားမှာ လွန်တူးဘိုးပိုင် သံကူကွန်ကရစ်အုတ်မြစ်နှင့် သံမဏိသံပေါင် သံကူကွန်ကရစ် အမျိုးအစားအဖြစ်ပြီး ပင်မသံပေါင်တံတားအရှည်မှာ ၃၅၂ ပေ ၄ လက်မနှင့် ချဉ်းကပ်တံတားအရှည်မှာ ပေ ၂၄၀ ရှိ၍ စုစုပေါင်း တံတားအရှည်မှာ ၅၉၂ပေ ၄လက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ ပေနှင့် လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင်သုံးပေစီဖြင့် နှစ်ဖက်ပါရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ဖြစ်သည်။

၃၃ စင်း

အဆိုပါ သဇင်တန်ပေါက်တံတားမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့် အထက်တွင် ၁၉၂ စင်းမြောက်ဖြစ်ပြီး ရခိုင်ပြည်နယ်အနေဖြင့် ၃၃စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော တံတားဖြစ်သည်။ မအီ-ကျောက်ဖြူလမ်းပေါ်၌ မအီတံတားအပါအဝင် တံတားကြီး ၁၀ စင်းအနက် ရှစ်စင်းမြောက်ဖွင့်လှစ်ပေးနိုင်ပြီး ကျန်နှစ်စင်းဖြစ်သည့် မင်းကြောင်းချောင်းတံတားမှာ အချောသပ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၍ ဝန်ဖိုက်တံတားမှာ ပေ ၆၀ နှစ်ခန်းသာ ဆောင်ရွက်ရန်ကျန်ရှိသည်။ ဝန်ဖိုက်တံတားဘေးတွင် ရေပေါ်ယာယီတံတားတည်ဆောက်ပေးထားသဖြင့် ကျောက်ဖြူနှင့် ရမ်းဗြဲမှ မအီသို့လည်းကောင်း၊ မအီမှ အခြားပြည်နယ်နှင့်တိုင်းများသို့လည်းကောင်း ရာသီမရွေး၊ အချိန်မရွေး မော်တော်ယာဉ်ဖြင့် အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့အာရှဖွံ့ဖြိုးရေးဆောင်ရွက်ရန် အိန္ဒိယနိုင်ငံကို လိုလားလျက်ရှိ

နယူးဒေလီ ဖေဖော်ဝါရီ ၁၃

အရှေ့အာရှနိုင်ငံများဖြစ်သော စင်ကာပူ၊ ဖိလစ်ပိုင်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုများ၌ အရေးပါသည့် ကဏ္ဍများကို ဆောင်ရွက်ရန် အိန္ဒိယကိုလိုလားလျက်ရှိကြောင်း သမ္မတအေပီဂျေအဗ္ဗဒူလ်ကာလမ်က ဖေဖော်ဝါရီ၉ ရက်က ပြောကြားသည်။

အိန္ဒိယနိုင်ငံသမ္မတ အေပီဂျေအဗ္ဗဒူလ်ကာလမ်

အဆိုပါသုံးနိုင်ငံမှ ခေါင်းဆောင်အားလုံးက အိန္ဒိယကို အလိုရှိနေကြပြီး တရုတ်နိုင်ငံကိုလည်း အာရှဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ကဏ္ဍများကို ဆောင်ရွက်ရန် အလိုရှိကြကြောင်း၊ အဆိုပါနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေးတွင် စီမံဆောင်ရွက်ရေးမိတ်ဖက်များအဖြစ် အိန္ဒိယကို အလိုရှိကြကြောင်း သုံးနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့မှုအပြီး ဆိုးလ်မှ ပြန်ရောက်လာပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် မစ္စတာကာလမ်က ပြောကြားသည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံအကြား ခြားနားမှုရှိပြီး ဒေသအတွင်းရှိ မည်သည့်နိုင်ငံကိုမျှ အကူအညီပေးမည်မဟုတ်ဟု အဆိုပါ သုံးနိုင်ငံက ယုံကြည်ထားကြပြီး မိမိက ၎င်းတို့အား မိမိတို့ (အိန္ဒိယနှင့်တရုတ်)သည် အတူတူပင်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းထောက်များ၏ မေးမြန်းချက်ကို ၎င်းက ဖြေကြားပြောဆိုသည်။

ရရှိခဲ့

အိန္ဒိယသည် စင်ကာပူ၊ ဖိလစ်ပိုင်နှင့် တောင်ကိုရီးယားနိုင်ငံ တို့၏ စီးပွားရေးအစီအစဉ်များနှင့် ၎င်းတို့၏ လူမှုရေးနှင့်ယဉ်ကျေးမှုအမွေနှစ်များ ဖွံ့ဖြိုးတိုးတက်ရာတွင် ပူးပေါင်း ဆောင်ရွက်ရန် ကမ်းလှမ်းမှုကိုရရှိခဲ့ကြောင်း မစ္စတာကာလမ်က ပြောကြားသည်။ **အမ်အင်အေ၊ပီတီအိုင်**



ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အမေရိကန်ဒေါ်လာ ၁ဒသမ ၉သန်းတန်ဖိုးရှိ လိုင်စင်မဲ့ စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီများကို တင့်ကားဖြင့်ကြိတ်၍ ဖျက်ဆီးနေသည်ကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သိပ္ပံနှင့် နည်းပညာကဏ္ဍ တိုးတက်ရေး တရုတ်နိုင်ငံက ဒေါ်လာ ဘီလီယံ ၁၀၀ကျော်သုံးစွဲခဲ့

ပေကျင်း ဖေဖော်ဝါရီ ၁၃

တရုတ်နိုင်ငံက ၁၉၉၉ခုနှစ်မှ စတင်၍ သိပ္ပံနှင့်နည်းပညာကဏ္ဍ များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ခဲ့ရာ၌ နည်းပညာနှင့်ပတ်သက်၍ အမေရိကန် ဒေါ်လာ ဘီလီယံ ၁၀၀ကျော်ဖိုးတင်သွင်းခဲ့ကြောင်း တရုတ်နိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၉ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

တရုတ်နိုင်ငံအနေဖြင့် ခုနစ်နှစ်တာကာလအတွင်း နည်းပညာနှင့်ပတ်သက်သော အမျိုးအမည်ပေါင်း ၅၀၀၀၀ခန့်ကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်သွင်းခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ကုန်သွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြခြင်း ဖြစ်သည်။

ထုတ်ပြန်

ထိုကဲ့သို့ နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွင် နည်းပညာဆိုင်ရာ သက်သက် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၁၉၉၉ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ခုနစ်နှစ်တာကာလတွင် အမေရိကန်ဒေါ်လာ ၆၂ဒသမ၃ ဘီလီယံအထိ ရှိခဲ့ရာ တရုတ်နိုင်ငံ၏ နည်းပညာရပ်ဆိုင်ရာ ပစ္စည်းများနှင့် နည်းပညာရပ်များ တင်သွင်းမှု၏ ၅၇ဒသမ၆ ရာခိုင်နှုန်း ရှိကြောင်း တရုတ်နိုင်ငံ ကုန်သွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်း၌ ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သော ၂၀၀၅ခုနှစ် တစ်နှစ်တည်း၌ပင် နည်းပညာရပ်ဆိုင်ရာ ပညာရပ်များအတွက် ငွေကြေးသုံးစွဲမှုအမေရိကန်ဒေါ်လာ ၁၁ဒသမ ၈၃ဘီလီယံရှိခဲ့ရာ လွန်ခဲ့သည့် ၁၉၉၉ခုနှစ်ကထက် ၃၁ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဖွံ့ဖြိုးတိုးတက်

တရုတ်နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာဖြစ်ထွန်းစေရေးအတွက် တရုတ်ကုမ္ပဏီများအနေဖြင့် သိပ္ပံနှင့်နည်းပညာရပ်ဆိုင်ရာပစ္စည်းများနှင့် နည်းပညာရပ်များကို ပြည်ပမှ ပိုမို တင်သွင်းလျက် ရှိအောင်လည်း စွဲဆောင်နိုင်ခဲ့သည်။

ဆောင်ရွက်နိုင်

တရုတ်နိုင်ငံသည် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ဆောင်ရွက်နေသလို ပြည်တွင်းကုမ္ပဏီများကလည်းစိတ်ဝင်စားစွာ ပူးပေါင်းလုပ်ဆောင်လာရေး ဆောင်ရွက်နိုင်ခဲ့သည်။

တရုတ်အစိုးရကလည်း သိပ္ပံနှင့် နည်းပညာကဏ္ဍ အရှိန်အဟုန်မြင့် တိုးတက်ဖြစ်ထွန်းလာစေရေးကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနကသတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ သိပ္ပံနှင့်နည်းပညာ ပြတိုက်၌ ခေတ်မီ နည်းပညာသုံး ဒုံးပျံများ ပြသထားသည်ကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကူဝိတ်၌ ကန်လေယာဉ်တစ်စင်း ပြေးလမ်းချော်

ကူဝိတ် ဖေဖော်ဝါရီ ၁၃

ကူဝိတ်နိုင်ငံ လေဆိပ်တစ်ခု၌ ဖေဖော်ဝါရီ ၁၁ရက် စနေနေ့က အမေရိကန် စစ်လေယာဉ်တစ်စင်း ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ယင်းလေယာဉ်သည် အမေရိကန် တပ်ဖွဲ့ဝင်များကို သယ်ဆောင်ပျံသန်းရန် လေဆိပ်မှအတက် ပြေးလမ်းပေါ်၌ လမ်းချော်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံများ ရုရှားနိုင်ငံက အကူအညီပေးမည်

မော်စကို ဖေဖော်ဝါရီ ၁၃

သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရသော အဆင်းရဲဆုံး နိုင်ငံများအား အကူအညီပေးရန် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ အစီအစဉ်တွင် ရုရှားနိုင်ငံက ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီ ၁၁ရက်၌ ပြောကြားသည်။

၂၀၀၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်ကာလအတွင်း အဆိုပါ ရည်ရွယ်ချက်များဖြင့် အမေရိကန်ဒေါ်လာ ၄၃ဒသမ ၅သန်းကို အကူအညီပေးသွားမည်ဖြစ်ကြောင်း ကရင်မလင်၌ ပြုလုပ်သော ဂျီ-၈ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၌ သမ္မတ ပူတင်က ပြောကြားလိုက်သည်။

ရည်ညွှန်းပြောကြား

ရုရှားနိုင်ငံက ဆင်းရဲနွမ်းပါးသော နိုင်ငံများ၏ ကြွေးမြီများ လျှော့ပစ်ရေး လျော်ကြေးတစ်ရပ်အဖြစ် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (အိုင်ဒီအေ) သို့လည်း ဒေါ်လာ ၅၈၇သန်း ခွဲဝေပေးသွားရန်အသင့်ရှိကြောင်း သမ္မတ ပူတင်က ရည်ညွှန်း ပြောကြားခဲ့သည်။

အထောက်အကူပေးမည်

ရုရှားနိုင်ငံသည် ပဲရစ်ကလပ်သို့ ပေးရန်ရှိသည့် ကြွေးမြီ ဒေါ်လာ ၁၁ဒသမ ၉ဘီလီယံကိုလည်း ပေးဆပ်ရန် အသင့်ပြုလုပ်ထားကြောင်းလည်း ၎င်းက ပြောကြား သည်။ ယခုပေးမည့် အကူအညီများသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ကျင်းပ

ဖေဖော်ဝါရီ၁၀ရက် စနေနေ့က ရုရှားနိုင်ငံ၌ ပထမဆုံးအကြိမ် ဂျီ-၈ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဖလူးဂျာမြို့အနောက်ဘက်၌ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံ ဖလူးဂျာမြို့အနောက်ဘက်တွင် ကင်းလှည့်နေသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်အား ပစ်မှတ်ထား၍ လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရသောကြောင့် ဖေဖော်ဝါရီ၉ရက်က အမေရိကန်မရိန်း တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ သောကြာနေ့ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်အနောက်ပိုင်း ကီလိုမီတာ ၆၀အကွာရှိ ဖလူးဂျာမြို့အနီးတွင် ကင်းလှည့်နေစဉ် လမ်းဘေးဗုံး ပေါက်ကွဲထိမှန်မှုကြောင့် ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

သေဆုံးသူများ၏ အမည်များကို ၎င်းတို့၏ ဆွေမျိုးသားချင်းများအား ထုတ်ဖော်ပြောကြားရန် ဆိုင်းငံ့ထားကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

၂၀၀၃ခုနှစ် မတ်လက အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များ အီရတ်နိုင်ငံအား ကျူးကျော် တိုက်ခိုက်ကတည်းက ယခုနောက်ဆုံး သေဆုံးခဲ့သော တပ်ဖွဲ့ဝင်များကြောင့် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်သည် ၂၂၆၂ဦးအထိရှိခဲ့ပြီ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကောက်ပဲသီးနှံများ ပိုမိုစားသုံးလျှင် နှလုံးရောဂါနှင့်ဆီးချိုရောဂါဖြစ်ပွားမှုကျဆင်းနိုင်

နယူးယောက် ဖေဖော်ဝါရီ ၁၃

နှလုံးရောဂါနှင့် ဆီးချိုရောဂါများ ခံစားနေရသူများသည် ယင်းတို့၏ နေ့စဉ်စားသုံးနေသော အစားအစာများတွင် ကောက်ပဲသီးနှံများ၊ ကောက်ပဲသီးနှံများကို နူးညံ့အောင် ပြုလုပ်ထားသော အစားအစာများ၊ အသီးအနှံများမှ ထုတ်လုပ်ထားသော ဓာတ်စာများကို ပုံမှန်စားသောက်သွားပါက နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆီးချိုရောဂါကို လျော့ကျသွားစေကြောင်း အသစ်တွေ့ရှိရသော သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ အစားအသောက်များသည် အစာခြေရာတွင် လွယ်ကူလျင်မြန်ပြီး ဘေးအန္တရာယ်ဖြစ်စေမည့် အရာများ ပါဝင်မှု လွန်စွာလျော့နည်းသည့်အပြင် သွေးထဲတွင်ရှိသော သကြားဓာတ်အနေအထားကို ညီညွတ်မျှတအောင် ထိန်းပေးနိုင်သဖြင့် နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆီးချိုရောဂါအန္တရာယ်ကို ထိန်းချုပ်ပေးရာတွင် များစွာအထောက်အကူ ပေးနိုင်ကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားသည်။

ဆောင်ရွက်ပေးနိုင်

ကောက်ပဲသီးနှံများနှင့် ယင်းတို့၏ ထုတ်လုပ်ထားသော အစားအစာများသည် ဆီးချိုရောဂါရှိသူများအတွက် မှန်မှန်စားသုံးပါက ဆီးချိုရောဂါတိုးတက်ဖြစ်ပွားမှုမရှိအောင် ဟန့်တားပြီး ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းသွားအောင်လည်း ဆောင်ရွက်ပေးနိုင်သည်ဟု အမေရိကန်နိုင်ငံ မက်ဆာချူးဆက်စ်ပြည်နယ် ဘော်စတွန်မြို့ ပြည်သူ့ကျန်းမာရေးဌာန ဟားဗတ်ကျောင်းမှ ကျန်းမာရေးဆိုင်ရာ သုတေသနအရာရှိ ဒေါက်တာလူကျီက ပြောကြားသည်။

ယခုကဲ့သို့ သုတေသနပြုချက်ကို ဆီးချိုရောဂါဖြစ်ပွားနေသူ အမျိုးသမီး ၉၀၂ဦးတို့အား စနစ်တကျ စစ်ဆေးသုတေသနပြုခဲ့ခြင်းဖြစ်ပြီး ၎င်းသုတေသနပြုမှုကို ဘော်စတွန်မြို့ ကျန်းမာရေးစောင့်ရှောက်မှုဌာနတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ကျဆင်းစေ

အဆိုပါ ကောက်ပဲသီးနှံများနှင့် သစ်သီးများကို ပိုမိုစားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုနှင့် ဆီးချိုရောဂါဖြစ်ပွားမှု နှစ်ခုစလုံးကို အနည်းဆုံးဖြစ်အောင် စွမ်းဆောင်ပေးနိုင်ကြောင်း၊ ဆီးချို မြင့်တက်လာမှုနှင့် နှလုံးရောဂါ ဖြစ်မှုတို့သည် ဆက်စပ်လျက်ရှိသဖြင့် ယခုကဲ့သို့သော အသီးအနှံများစားသုံးခြင်း၏ အကျိုးမှာ အဆိုပါ ရောဂါနှစ်မျိုးစလုံးကို ထိရောက်သော ဟန့်တားကျဆင်းစေမှုဖြစ်စေကြောင်း ဒေါက်တာ လူကျီနှင့်အဖွဲ့က တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်

ကောက်ပဲသီးနှံများမှရရှိသော အမျှင်ဓာတ်သည် အာဟာရဓာတ်အပြည့်အဝ ပါရှိသည့်အပြင် နှလုံးနှင့်ဆီးချိုရောဂါ ဖြစ်ပွားမှုများကို ထိရောက်သော ဟန့်တားမှု ပြုစေနိုင်သလို အခြားသစ်သီးများနှင့် ဟင်းသီးဟင်းရွက်များတွင် ပါဝင်သော အမျှင်ဓာတ်သည်လည်း အဆိုပါ ရောဂါများဖြစ်ပွားမှုကို ထိန်းချုပ်ပေးနိုင်ကြောင်း ဆီးချိုရောဂါပြုစုစောင့်ရှောက်ရေး ဂျာနယ်တစ်စောင်၌ ဒေါက်တာ လူကျီနှင့်အဖွဲ့က ရေးသားဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကောက်ပဲသီးနှံများ ပိုမိုစားသုံးလျှင် နှလုံးရောဂါဖြစ်ပွားနှုန်းကျဆင်းမှုကို ပြသထားစဉ်။ (ဓာတ်ပုံ–အင်တာနက်)



အကျပ်ကိုင်ဖိအားပေးလျှင် အင်န်ပီတီအဖွဲ့ဝင်အဖြစ် ရပ်တည်ရေး ပြန်သုံးသပ်မည်ဟု အီရန်သမ္မတပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၁၃

အီရန်နိုင်ငံအပေါ် မတရား ဖိနှိပ်အကျပ်ကိုင်မှုများ ပြုလုပ်လာလျှင် နျူကလီးယား မပြန့်ပွားရေးစာချုပ် (အင်န်ပီတီ)အဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေမှုကို မိမိတို့ပြန်လည်သုံးသပ်ရလိမ့်မည်ဖြစ်ကြောင်း အီရန် သမ္မတ မာမွတ်အာမက်နီဂျက်ဒ်က ဖေဖော်ဝါရီ ၁၁ရက် စနေနေ့၌ ပြောကြားလိုက်သည်။

အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ်

အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီနှင့် အင်န်ပီတီ၏ မူဘောင်များအတွင်းမှ နျူကလီးယားအစီအစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်သာဖြစ်ကြောင်း အီရန်နိုင်ငံသမ္မတ မာမွတ်အာမက်နီဂျက်ဒ်က ပြောကြားသည်။

ပြန်လည်သုံးသပ်မည်

သို့သော်လည်း အီရန်ပြည်သူများ၏ အခွင့်အရေးကို ဖျက်လိုဖျက်ဆီးလုပ်ရန်၊ နိုင်ထက်စီးနင်းလုပ်ဆောင်မှုများကို ဆက်လက်ပြုလုပ်နေလျှင် အီရန်နိုင်ငံသည် အဆိုပါမူဘောင်ကန့်သတ်ချက်များအား ပြန်လည်သုံးသပ်ရလိမ့်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော်လည်း အီရန်နိုင်ငံအနေဖြင့် နျူကလီးယားမပြန့်ပွားရေးစာချုပ် (အင်န်ပီတီ)မှ ရုတ်တရက်နုတ်ထွက်လိမ့်မည် မဟုတ်ကြောင်း သမ္မတမာမွတ်အာမက်နီဂျက်ဒ်က အီရန်ပြည်သူများအား ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ဖိအားပေးမှုများကို သည်းခံစောင့်ဆိုင်းလျက်ရှိကြောင်း၊ စိတ်ရှည်သည်းခံမှုကို စွန့်လွှတ်ရန် ကြိုးစားမည် မဟုတ်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အမျိုးသမီးကြီးများ စုပေါင်းကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်နေကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အသက်အရွယ်ကြီးရင့်သူများ လေ့ကျင့်ခန်း မှန်မှန်လုပ်သင့်

ဆိုးလ် ဖေဖော်ဝါရီ ၁၃

အသက်အရွယ်ကြီးရင့်လာသော အမျိုးသမီးကြီးများ အနေဖြင့် သွေးလည်ပတ်မှု ကောင်းမွန်စေရန်အတွက် နေ့စဉ် နံနက်ပိုင်းတွင် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ မှန်မှန် ပြုလုပ်သင့်ကြောင်း တောင်ကိုရီးယားနိုင်ငံမှ ကျန်းမာရေးဆိုင်ရာ အရာရှိများက ဖေဖော်ဝါရီ ၁၂ရက်၌ ပြောကြားသည်။

အသက်အရွယ်ကြီးရင့်သော အမျိုးသားများနည်းတူ အမျိုးသမီးများကလည်း နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကို အချိန် တစ်နာရီခန့်ပြုလုပ်ပါက သွေးကြော၊ လေကြောများ ပွင့်ပြီး အဆုတ်အားလည်း ကောင်းမွန်ကာ လေဖြတ်ရောဂါ၊ အကြောပိတ်ရောဂါများ ခံစားရမည်မဟုတ်ကြောင်း ပြောကြားသည်။

ယခုအခါ ကိုယ်လက်လှုပ်ရှားမှုများကို စုပေါင်း လေ့ကျင့်သည့် တောင်ကိုရီးယား အမျိုးသမီးကြီးများအရေ အတွက် တိုးတက်များပြားလာလျက်ရှိသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လွန်ခဲ့သည့် နှစ် ၃၀၀၀ခန့်က ရုပ်တု

လွန်ခဲ့သော နှစ်ပေါင်း သုံးထောင်ခန့်က ပြုလုပ်ခဲ့သော ရုပ်တုတစ်ခု၏ ဦးခေါင်းကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါရှေးဟောင်းရုပ်တုကို အီဂျစ်နိုင်ငံ လူဇောအရပ်တွင် မကြာမီက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရှေးဟောင်းပစ္စည်းများ ဆိုင်ရာ သုတေသနပညာရှင်များက ၎င်းရုပ်တုသည် ရှေးခေတ် အီဂျစ်လူမျိုးတို့၏ ဘုရင်တစ်ပါး ဖြစ်သည့် အမင်ဟိုတစ်ပ်၏ ဦးခေါင်းပုံ ရုပ်တုဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း၃၀၀၀ခန့်က ထုလုပ်ခဲ့ကြောင်း ခန့်မှန်းထားသည်။

အမ်အင်အေ၊ရိုက်တာ

လိမ္မော်သီးအများဆုံးဖြင့် ပုံဖော်ထားသော ရုပ်တု



လိမ္မော်သီးများဖြင့် ပုံဖော်ထားသော ကမ္ဘာ့ လိမ္မော်သီး အများဆုံးပြုလုပ်ထားသော ရုပ်တုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါရုပ်တုကို ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ကျင်းပသည့် လိမ္မော်သီးများ ပွဲတော်၌ လိမ္မော်သီး မက်ထရစ်တန်ချိန် ၁၂၀ခန့်ဖြင့် ပြုလုပ်ထားသော ရုပ်တုကြီးတစ်ခုကို အများပြည်သူတို့အား ပြသခဲ့သည်။ ၎င်းလိမ္မော်သီးရုပ်တုကြီးသည် ကမ္ဘာပေါ်တွင် လိမ္မော်သီး အလုံးရေ အများဆုံးဖြင့် ပြုလုပ်ထားသည့် ရုပ်တုဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ကျိုင်းတုံမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး ဝမ်ကောင်းစံပြကျေးရွာဖွင့်ပွဲအခမ်းအနားကျင်းပ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ဝမ်ကောင်း စံပြကျေးရွာဖွင့်ပွဲနှင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက်၉နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဟွမ်နွံ့နှင့် ကတ်တောင်ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံတွီတို့က ဝမ်ကောင်းစံပြကျေးရွာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများသည် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကြပြီးနောက် ကျေးရွာစာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် အခြေခံပညာမူလတန်းကျောင်းဆောင်သစ်သို့ရောက်ရှိရာ ကျောင်းတာဝန်ခံဆရာမ ဒေါ်နန်းနွမ်းဆိုင်က ပညာသင်ကြားရေးဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးက ပညာရည်မြင့်မားရေးအတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့်ရှင်းလင်း အမှာစကားပြောကြားသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဟွမ်နွံ့က ဝမ်ကောင်းကျေးရွာအား စံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ဆက်လက်၍ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုင်းဟွမ်နွံ့က ဝမ်ကောင်းစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့်စာရွက်စာတမ်းများကို ကျိုင်းတုံမြို့နယ် ပညာရေးမှူး ဦးဆလိုင်းချစ်စိန်ထံသို့လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အသင်းအတွင်းရေးမှူး ဦးစိုင်းလုံဆိုင်က ဗလာစာအုပ်၊ မဂ္ဂဇင်းဂျာနယ်နှင့် စာစောင်များကို ကျောင်းတာဝန်ခံဆရာမ ဒေါ်နန်းနွမ်းဆိုင်ထံသို့လည်းကောင်း အသီးသီးပေးအပ်သည်။

အဆိုပါ ဝမ်ကောင်းစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းငွေကျပ် ၁၅သိန်း၊ ဒေသခံပြည်သူများ လှူဒါန်းငွေကျပ် ၁၇သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၃၂သိန်းဖြင့် အလျားပေ၆၀၊ အနံ ၂၄ပေရှိ သွပ်မိုး၊ အုတ်ကာ တစ်ထပ်စာသင်ဆောင်သစ်အဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာမဟာစည်ရိပ်သာ သိမ်ဓမ္မာရုံ ဆောက်လုပ်ရာ၌ အမိုးသွပ်အချပ်တစ်ရာအတွက် အင်းစိန်လမ်းသစ်နေ ဒေါ်ခင်မာကြည်၊ သား- ကိုနေထွန်းဦး၊ ကိုလွင်ကိုလတ် မိသားစုနှင့် ဦးတင်ထွဋ်-ဒေါ်သန်းသန်းဌေး မိသားစုတို့က မြတ်သန္တာမဟာစည်ရိပ်သာဆရာတော် အရှင်သီရိန္ဒ(ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ)ထံ အလှူငွေကျပ်လေးသိန်းငါးသောင်းကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်း လှိုင်မြို့နယ်၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက်ကကျင်းပရာ သင်ကြားရေးဆုနှင့် ကျောင်းတက်ရက်မှန်ဆုရ ဆရာမ ဒေါ်ဖြူဖြူသင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင် ဆုချီးမြှင့်စဉ်။ (က-ပ)

ဥက္ကလာပစေတီတော် ရွှေသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီး၏ ထီးတော်မှခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၀၀၅ခုဒီဇင်ဘာမှ စတင်ကျင်းပလျက်ရှိသည်။ (၁၆)နှစ်ကြာမှ တစ်ကြိမ်သာကြုံရသော ရွှေသင်္ကန်းအလှူပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွှေမျက်ပါး တစ်ချပ်လျှင် ကျပ်၂၀၀နှုန်း၊ ၉ လက်မ X ၉လက်မ ကြေးပြားပေါ်တွင် ရွှေမျက်ပါးကပ်လှူခြင်းအတွက် ကျပ် ၆၀၀၀ နှုန်းနှင့် ရွှေမျက်ပါး ရာဆိုင်း တစ်ဆိုင်းလျှင် ကျပ် ၂၀၀၀၀နှုန်းဖြင့် ရဟန်းရှင်လူပြည်သူများ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၂၀၀)**

ရွှေပြည်သာမြို့ အမှတ်၂ သံလွင် ၆/၁၀ရပ်ကွက် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်အတွင်းရှိ နာရေးကူညီမှုအသင်း (ရွှေပြည်သာ)သို့ ဖေဖော်ဝါရီ ၃ရက်က ဒေါ်တင်ဝင်း၊ သမီး- မချိုချိုလွင် မိသားစုတို့က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြတ်ဝေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က-ပ)

ချစ်ခြင်းငယ်ပြိုင်ဇာတ်ကား တစ်ကျော့ပြန်ရုံဝင်မည် နိုင်ငံခြားဇာတ်ကားသစ်များ ဆက်လက်ပြသလျက်ရှိ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြသရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို ဇာတ်ညွှန်း ကိုကိုလေးရေးသားပြီး ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူးသည့် ချစ်ခြင်း ငယ်ပြိုင်ဇာတ်ကား ဖေဖော်ဝါရီ ၁၇ရက်တွင် ရှေ့ဆောင်ရုံ၌ တစ်ကျော့ပြန်လည် ပြသမည်ဖြစ်သည်။

မျိုးစေ့ ဇာတ်ကားမှ မို့မို့မြင့်အောင်၏ သရုပ်ဆောင်ပြကွက်။

ဂျပန်နိုင်ငံ၏ ဖူဂျီအလှသည် ထင်ရှားသကဲ့သို့ မြန်မာနိုင်ငံမှ မြတ်ရွှေတိဂုံ၏ အံ့သြရှုမောဖွယ် သပ္ပာယ်မှုသည်လည်း ကမ္ဘာကျော်ဖြစ်သည်။ ဂျပန်လူမျိုးတို့ ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားသလို မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြန်မာတို့ တန်ဖိုးထား မြတ်နိုး လေးစားကြောင်း **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကားက ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြထားသည်။

ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားတွင် နိုင်ငံခြား၌ လူနေမှုဘဝ ရပ်တည်နိုင်ရေး မနေမနား ရုန်းကန်လှုပ်ရှားရသဖြင့် ကျန်းမာရေးထိခိုက်လာသည်ကို သမီးမသိစေရအောင် ဟန်ဆောင်နေခဲ့သည့် ဖခင်၏ မေတ္တာတရား၊ သမီးအား မိမိယဉ်ကျေးမှုကို မြတ်နိုးပြီး အမျိုးဂုဏ်ဝင့်ထည်စေချင်သည့် ဖခင်၏ ဆန္ဒတို့ကိုလည်း ကြည့်ရှုခံစားရမည်ဖြစ်သည်။

ဂျပန်လူမျိုးတို့ သစ္စာတရားကို အလေးထားသကဲ့သို့ မြန်မာလူမျိုးတို့၏ မေတ္တာတရားကြီးမားပုံ နှိုင်းယှဉ်တင်ပြထားမှုကိုလည်း **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကားတွင် မြင်တွေ့ကြရမည်ဖြစ်သည်။

ချစ်ခြင်းငယ်ပြိုင် ဇာတ်ကား တွင် ရန်အောင်၊ ကျော်သူ၊ ရွှေသွေး၊ မေသန်းနုနှင့် စိုးမြတ်နန္ဒာတို့ ခေါင်းဆောင် ပါဝင်ကာ ရယ်မောစရာ၊ ကြေကွဲစရာများဖြင့် ခံစားတင်ပြထားသည့် မေတ္တာဖွဲ့ ဇာတ်လမ်းကို အနုပညာသရုပ်ဆောင်များစွာဖြင့် ဖန်တီးတင်ဆက်ထားသည်။ သမ္မတ အဆင့်မြင့်ရုံတွင် King Kong ဇာတ်ကားသစ်နှင့် နေပြည်တော်ရုံတွင် The Island ဇာတ်ကားသစ် ရုံဝင်လာသည်။

မင်္ဂလာရုံတွင် The Patriot နိုင်ငံခြားဇာတ်လမ်းမှာ အမေရိကန်နယ်ချဲ့တော်လှန်ရေး စစ်ကားဖြစ်သည်။ ရှေ့ဆောင်ရုံတွင် **မင်္ဂလာပါ** ဇာတ်ကား ဆက်လက်အောင်ပွဲခံလျက်ရှိပြီး သွင်ရုံတွင် Seven Swords သိုင်းကား ပြသနေသည်။

မဟာမြိုင်နှင့် မြရတနာရုံများတွင် **ပုဏ္ဏရိက** ဇာတ်ကား ဆက်လက်ပြသနေပြီး **မျိုးစေ့** ဇာတ်ကား မြန်မာ အဆင့်မြင့်ဗီဒီယိုဇာတ်ကားမှာ နဝဒေး၊ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားမှ ရွှေသွေးနှင့် စိုးမြတ်နန္ဒာ။

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ရွှေနှင်းဆီ ဓမ္မဗိမာန်မှန်ကျောင်း၊ ဓမ္မသုခကျောင်းတိုက်၌ ကျင်းပရာ အသင်းနာယက ဦးမင်းအောင်က တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မောင်စိုးသူရဝင်းအား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

လှိုင်သာယာမြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် တစ်ဆုပ်ဆန်လှူအသင်းကြီးက ကြီးမှူး၍ လှိုင်သာယာမြို့နယ်လုံးကျွတ် ရပ်ကွက်ပေါင်း ၂၀ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စု၊ အမက၊ အလက၊ အထက ကျောင်းများမှ စုပေါင်း၍ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း၈၀မှ ရဟန်းသာမဏေ၊ သီလရှင် စုစုပေါင်း ၂၃၅၀တို့အား တစ်ဆုပ်ဆွမ်းဆန်တော် စုပေါင်းလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၉ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ရေစက်ချတရားပွဲများကို ဖေဖော်ဝါရီ၁၅ရက်မှ ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၈၀)**

■ **ကျောဖုံးမှ**

သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ များဖွင့်လှစ်ပြီး အမျိုးသားရေးစွမ်းရည်မြင့်မားရေးအတွက် ယုံကြည်ချက်၊ ခံယူချက်ခိုင်မာရေး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးရေး၊ အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်းရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်မားရေးအတွက် အသိပညာ၊ အတတ်ပညာ၊ သက်မွေးဝမ်းကျောင်းပညာ၊ ခေတ်မီနည်းပညာများ ဆွေးနွေးပို့ချနေခြင်းဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အေးချမ်းတည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက်များ ဖြစ်ကြောင်း။

အခြေခံကောင်းများရရှိ

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေး တည်ဆောက်ခဲ့သည့်အတွက် အေးချမ်းတည်ငြိမ်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကိုခံယူ၍ ဦးတည်ချက်(၁၂)ရပ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းဆောင်ရွက်နေသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများလည်း ရရှိနေပြီဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး ဦးတည်ချက်(၁၂)ရပ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော်ပူးပေါင်းပြီး ဖွံ့ဖြိုး တိုးတက်ရေးကို အရှိန်အဟုန်နှင့် ဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများလည်း ရရှိနေပြီဖြစ်၍ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အမျိုးသားညီလာခံကိုကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ဆောင်ရွက်နေကြောင်း၊ အမျိုးသားညီလာခံကြီးသည် ပြည်သူကို ကိုယ်စားပြုသည့် လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်များပါဝင်ပြီး လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေး ညှိနှိုင်းတိုင်ပင် ထုတ်ဖော်တင်ပြနေသည့် စစ်မှန်သည့် ပြည်သူကို ကိုယ်စားပြုသည့် ညီလာခံကြီးဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်နှင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား၊ သင်တန်းသူ ၅၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်ရှိ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စွပ်ကျယ်စက်ရုံခွဲသို့ ရောက်ရှိပြီး စွပ်ကျယ်များ ရက်လုပ်ခြင်းလုပ်ငန်းများ၊ စွပ်ကျယ်စက်မှရက်လုပ်ပြီး စွပ်ကျယ်စများ၊ ချည်ငင်စက်များကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ မှတ်တမ်းစာအုပ်နှင့် မြန်မာနိုင်ငံစီးပွားရေးဒိုင်ယာရီစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ Myanmar CD-Rom WWW Co. Ltd., မှ တပ်မတော်အစိုးရလက်ထက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း D Program LCD ရောင်စုံကားချပ်စာအုပ်နှင့် မြန်မာနိုင်ငံ စီးပွားရေးဒိုင်ယာရီစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းစိန်နှင့် သူရဦးမြင့်မောင်၊ ဌာနချုပ်မှ တာဝန်ရှိသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ Myanmar CD-Rom WWW Co. Ltd., ဥက္ကဋ္ဌ ဦးမောင်မောင်အေးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌဦးမောင်မောင်အေးက တပ်မတော်အစိုးရလက်ထက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း D Program LCD ရောင်စုံကားချပ် စာအုပ်နှင့် မြန်မာနိုင်ငံ စီးပွားရေးဒိုင်ယာရီ စာအုပ်များကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

Myanmar CD-Rom WWW Co. Ltd.,ဥက္ကဋ္ဌ ဦးမောင်မောင်အေးက တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း D Program LCD ရောင်စုံကားချပ်စာအုပ်နှင့် မြန်မာနိုင်ငံစီးပွားရေးဒိုင်ယာရီစာအုပ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်းဖြန့်ချိမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၁၉၄၆ခုနှစ် ဖေဖော်ဝါရီ၁၅ရက်က "ဗမာ့အသံ"အမည်ဖြင့် အသံလွှင့်ခဲ့သော ဗမာ့အသံ(ယနေ့မြန်မာ့အသံ)သည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် သက်တမ်း နှစ်(၆၀) စိန်ရတုကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

ဤနှစ်(၆၀)ပြည့် မြန်မာ့အသံကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အတိုင်ပင်ခံစာတည်း သူရဇော်၊ တာဝန်ခံစာတည်း မြန်မာ့အသံသိန်းဟန်နှင့် စာတည်းအဖွဲ့ဝင်များကစီစဉ်ကာ နာမည်ရစာရေးဆရာများပါဝင်ရေးသားထားသည့် စာမျက်နှာ ၄၀၀ခန့်ရှိသော ခံ့ခံ့ထည်ထည် မဂ္ဂဇင်းကြီးတစ်အုပ်သည် စာပေဈေးကွက်သို့ ယခုရက်ပိုင်းအတွင်း ဖြန့်ချိတော့မည်ဖြစ်သည်။ **(ယာပုံ)**



ဤမဂ္ဂဇင်းကြီးတွင် မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်၊ MRTV-3နှင့် MRTV-4တို့၏မှတ်တမ်းမှတ်တိုင်များကို အကြောင်းအချက်အပြည့်အစုံ ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်းတွင် ရဟန်းစာဆိုတော် ချောင်းဦး မောင်စန္ဒာ၊ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၊ ရဝေနွယ်(အင်းမ)တို့၏ မြန်မာ့အသံနှင့်ဆက်နွယ်သော ဘာသာရေးစာများ၊ မင်းရဲကောင်းပုံ၊ မောင်ဆုရှင်၊ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ ဦးအောင်နိုင်(ဝိဇ္ဇာဂုဏ်ထူး)၊ ဒုတိယဗိုလ်မှူးကြီးသန်းထွဋ် (ငြိမ်း)၊ သုခိအောင်၊ တက္ကသိုလ်စိန်တင်၊ မြန်မာ့အသံ သိန်းဟန်၊ မောင်မောင်အေး(နယူးလိုက်အော့ဖ်မြန်မာ)၊ စန္ဒရားတင်ဝင်းလှိုင်၊မောင်စိုးထိုက်(သုံးဆယ်)၊ သူရဇော်၊ညွှန့်ဟံ(ကြူတော)၊ ဦးမြင့်(TV)၊ ချစ်ကြည်မောင်၊ ဖုန်းမြင့်အောင်၊ နိုင်ဝေ၊ စောမုံညင်း၊ ခင်စောတင့်၊ ဒေါ်ခင်ခင်ကြည် (မြန်မာ့အသံ)၊ မမြင့်မွန်(မြန်မာ့အသံ)၊ ဖြူစင်ဝင်း၊ ခင်ပြုံးရီ(မြန်မာ့အသံ)၊ ဆန်းဆန်းဦး၊ နှင်းဆီဝေ၊ အေးသင်းရီ(မြန်မာ့အသံ)စသည့် ဆောင်းပါးရှင် ၃၄ဦးတို့၏ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ကဗျာကဏ္ဍတွင် ကြည်အောင်(ကေတုမတီ)၊ ရွှန်းမြအောင်၊ တက္ကသိုလ်မြတ်စိုး၊ နှောင်၊ မြင်းမူမောင်နိုင်မိုး၊ မင်းရွှေမင်း(အင်းစိန်)၊ ဝင်းဝေနှောင်၊ မောင်သင်းပျံ့(ကျိုက်ထော်)၊ နေနိုင်ထွန်း၊ အေးမျိုးကြည်၊ ကျော်ကျော်လွင်(မြန်မာစာ)၊ နုယဉ်၊ ခင်နန်းယုထွေး၊ ဆည်းလည်းတို့၏ ကဗျာအလှ စာအလှများ၊ ဝတ္ထုတိုကဏ္ဍတွင် ဆင်ဖြူကျွန်းအောင်သိန်း၊ ရေနံမြေ မောင်မောင်ကြည်၊ ချမ်းမြအောင်၊ သွင်လန်း၊ မစန္ဒာ၊ ဂျူး၊ ယုဝတီခင်စိန်လှိုင်၊ ဒေါက်တာလမင်း၊ ခင်(တိုင်းရင်းမေ)၊ ညိုညိုယဉ်(ဒိုက်ဦး)၊ သီတဂူဇေယျာတို့၏ ဝတ္ထုတိုများကို အတွင်းပန်းချီပုံများဖြင့် ခြယ်မှုန်းဖော်ပြထားသည်။

တစ်ခန်းရပ်ပြဇာတ်အဖြစ် ကြူကြူသင်း၏ မင်္ဂလာပါသောတရှင်၊ ဘာသာပြန်ဆောင်းပါးအဖြစ် ဌေးမောင်၏ ပိုးသားလိုနူ သံမဏိလိုမာကျောသူ၊ ကောလိယမောင်မောင်နိုင်၏ **"လေလှိုင်းသံရှင်ကိုချစ်တဲ့သူ"**ဝတ္ထုရှည်လေးရောင်ခြယ်ပုံ၊ ပန်းချီပုံများဖြင့် အလှဆင်ခြယ်မှုန်းထားသည်။

ကာတွန်းပညာရှင် ငွေကြည်၊ မြဇာ၊ မောင်ဝဏ္ဏ၊ ရွှေမင်းသား၊ တင်အောင်နီ၊ သစ်ထွဏ်းတို့၏ ရယ်ရွှင်ဖွယ်ဟာသကာတွန်းလက်ရာများ၊ ထို့အပြင် တစ်ချိန်တုန်းကသောတရှင်မဂ္ဂဇင်း၌ဖော်ပြခဲ့သော ဒဂုန်တာရာ၊ မောင်နေဝင်း၊ မင်းကျော်၊ မြန်မာ့အသံသော်ကစသူတို့၏ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုများကိုလည်း ပြန်လည်ဆန်းသစ်ဖော်ပြထားသည်။

အင်္ဂလိပ်စာကဏ္ဍတွင် မင်းကျော်မင်း၊ ကိုလတ်(MRTV)၊ ထိန်အောင်လင်းတို့၏ ဆောင်းပါးလက်ရာများ ပါရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက ပါဝင်ယှဉ်ပြိုင်ရေးသားကြပြီး ဆုရရှိကြသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်းလက်ရာ ၁၃ ခုကိုလည်း ဖော်ပြထားသည်။ မဂ္ဂဇင်းတစ်အုပ်လုံးကို အတ်ပေပါ၊ ဂူဖရီးစက္ကူ အကောင်းစားဖြင့် ရိုက်နှိပ်ထားပြီး မဂ္ဂဇင်းတစ်အုပ်လျှင် ကျပ် ၂၀၀၀ နှုန်း သတ်မှတ်ထားသည်။

ဝယ်ယူမှာကြားရရှိနိုင်သော စာအုပ်တိုက်များမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဟံသာဝတီဂိတ်စာအုပ်အရောင်းဆိုင် ဖုန်း-၀၁-၅၃၈၀၅၀/၅၃၈၀၅၃ (လိုင်းခွဲ ၁၄၄၊ ၄၀၁)၊ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းစာအုပ်အရောင်းဆိုင်၊ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့် အမှတ် ၅၂၅ သာလွန်စာပေတိုက်၊ ပန်းဆိုးတန်းလမ်း(အောက်လမ်း) အမှတ် ၈၆ အမေ့အိမ်စာပေတိုက်၊ ကျောက်တံတားမြို့နယ် ၃၃လမ်း(အထက်လမ်း) အမှတ် ၁၉၂ ဂုဏ်ထူးစာအုပ်တိုက်၊ ပန်းဘဲတန်းမြို့နယ် ၃၂လမ်း(အထက်လမ်း) အမှတ် ၁၈၁ မြဝတီစာပေတိုက်ခွဲ၊ ပန်းဘဲတန်းမြို့နယ် ၂၉ လမ်း(အထက်လမ်း) အမှတ် ၂၃၀ ရှိ ပါရမီစာပေတိုက်နှင့် မန္တလေးမြို့ ထွန်းဦးစာပေတိုက် ဖုန်း ၀၂-၃၉၈၀၁ တို့တွင် ကြိုတင်မှာကြားဝယ်ယူနိုင်သည်။

နှစ်(၆၀)ပြည့် မြန်မာ့အသံ(၁၉၄၆-၂၀၀၆)အထိမ်းအမှတ် နှုတ်ခွန်းဆက် သဝဏ်လွှာပို့စကတ်များကိုလည်း မြန်မာ့အသံတေးသံရှင်များ၊ တိုင်းရင်းသူ ဝန်ထမ်းများ၏ ရောင်စုံပုံများဖြင့် ထုတ်ဝေမည်ဖြစ်ရာ တစ်စောင်လျှင် ကျပ် ၁၀၀နှုန်းဖြင့် အထက်ပါစာပေတိုက်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေမြန်မာသတင်းစာပေနှင့်စီးပွားအထူးထုတ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရွှေမြန်မာသတင်းစာပေနှင့်စီးပွား အတွဲ(၂)၊ အမှတ်(၆)အထူးထုတ်ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ ဂျာနယ်တွင် ပြည်တွင်းပြည်ပသတင်းများ၊ သတင်းဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ အစိမ်းရောင် ဝက်များ တရုတ်(တိုင်ပေ)သားဖောက်၊ အမေရိကန်တို့ ဗီယက်နမ်တွင် ဓာတုဆေးမှုန့်များ ကြဲချခဲ့၊ အီရတ်သာယာရေးရောင်ခြည်၊ နီပေါ ငြိမ်းချမ်းရေး၊ ကမ္ဘာ့အသက်အကြီးဆုံးမိခင် (၆၇)နှစ်တွင် သမီးလေး ဖွားမြင် သတင်းများပါဝင်သည်။

ထို့ပြင် ဂျပန်ဆက်ဆံရေးနှင့် တရုတ်စစ်အသုံးစရိတ်၊ ပစ်နှင့် ဂျူလီ ဘာလေးမွေးမလဲ၊ ကောင်းမှုကောင်းတဲ့ ဆန်လုံးညို၊ တန်ဖိုးကြီး အာဂင်သစ်တော၊ ကိုလံဘတ်က အရင်လော၊ ကျန်ဟီက အရင်လော၊ မောင်စေတနာ၏ တစ်ဖက်သတ်အမြင်တွေကို ပြင်၊ ဒေါက်တာခင်မောင်ညို၏ လူတွေကို ဘာတွေက လွှမ်းမိုး၊ စင်ရော်မောင်မောင်အတွက် အောင်မြင်မှုအထွတ်အထိပ်၊ စန္ဒာထွန်း၏ မပြေးနဲ့ လမ်းလျှောက်ပါ၊ အားကစားသမားဇေယျာသူရိယ၊ ပြောင်ပြောင်တင်းတင်း အာခံနေတဲ့ အီရန်၊အင်တာနက် ခေတ်နှင့်လူငယ်ပြဿနာ၊သာရဝေါ စိုးကြည်၏ ဘဝဟူသည် ရုန်းကန် လှုပ်ရှားရမည်၊ မောင်သန်းဝင်း (ရန်ကုန်တက္ကသိုလ်)၏ ကျန်းမာ သက်ရှည်နေနိုင်စေ စသည့် သတင်းဆောင်းပါးများ စုံလင်စွာပါဝင်သည်။ **(က-ပ)**

ဒို့ကျေးရွာဂျာနယ်အတွဲ(၃)အမှတ်(၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဒို့ကျေးရွာဂျာနယ် အတွဲ(၃) အမှတ်(၄)ကို ဖေဖော်ဝါရီ၁၅ရက်တွင် ထုတ်ဝေဖြန့်ချိမည်ဖြစ်သည်။

ယခုတစ်ပတ်ဂျာနယ်တွင် စိုက်လိုက်မယ်ဗျ ကြက်ဆူရိုင်း၊ စားနပ်ရိက္ခာဖူလုံရေး၊ ကြက်ငှက်တုပ်ကွေး ရောဂါ၊ နို့ထွက်ပစ္စည်းနှင့် အသားသုံးစွဲမှု၊ ရာသီစပါးစိုက်ပျိုးရေး၊ စီးပွားဖြစ်စိုက်ပျိုးရမည့် ကျွဲကော၊ ဇီဝ ဒီဇယ်ဆီစမ်းသပ်စိုက်ပျိုးထုတ်လုပ်မှု၊ ဘဝရဲ့ဆန္ဒ၊ လက်ပံပွင့်ချိန်၊ အသားစားနွား(နွားနောက်)၊ ကျွန်တော်နှင့် စာကြည့်တိုက်၊ အားဖြစ်စေသည့် ဂေါ်ရခါးသီးစသည့် ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀-၃၂) ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းပကား ပြည်ထောင်စု၏အား

အသီးတစ်ရာ အညှာတစ်ခု နှီးပြည်ထောင်စု

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသည့် ဝိသေသမှာ ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားမျိုးနွယ်တစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ကြီးဖြစ်သည်။ တိုင်းရင်းသားများသည် ဒေသအလိုက် လူမျိုးစု၊ ဘာသာစကား ကွဲပြားမှုရှိသော်လည်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြသည့် သွေးသားရင်းချာများဖြစ်ကာ မြန်မာနိုင်ငံအနှံ့အပြားတွင် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ယှဉ်တွဲနေထိုင်ခဲ့ကြပြီး ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုယ်ပိုင် ဘာသာစာပေများဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခဲ့ကြသည်။ ဘာသာတရား၏ အဆုံးအမကို လက်ခံကျင့်သုံးကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြင့် နေထိုင်လာခဲ့ကြသူများဖြစ်သည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်သောအခါ သမိုင်းအစဉ်အလာကောင်းများ ပေါ်ထွန်းခဲ့ပြီး ယဉ်ကျေးမှုသည်လည်း အဆင့်ဆင့် တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုတွင် ထူးခြားမှုများရှိခဲ့သည်။ မြန်မာ့မြေပေါ်တွင် လူသားမျိုးနွယ်အစဖြစ်သည့် အဆင့်မြင့် ပရိုင်းမိတ်များ၏ ရုပ်ကြွင်း အထောက်အထားများနှင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများကိုလည်း တွေ့ရှိခဲ့သည်။

မြန်မာနိုင်ငံရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုးတို့၏ မြို့ပြနိုင်ငံများဖြစ်သည့် တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ဝေသာလီ၊ သုဝဏ္ဏဘူမိ စသည်တို့ ပေါ်ထွန်းခဲ့သည်။ မြို့ပြနိုင်ငံများမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး မြန်မာနိုင်ငံတော်ကြီးကို သုံးကြိမ်သုံးခါ တည်ထောင်ခဲ့သည်။

ခရစ်နှစ် ၁၁ရာစုတွင် ပုဂံနေပြည်တော်ကြီးကို ဗဟိုပြုပြီး အနော်ရထာမင်းကြီးက ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ၁၁ ရာစုမှ ၁၃ရာစုအထိ တည်တံ့ခဲ့ပြီး အုပ်ချုပ်သူမင်း၏ စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းကြောင့် စီးပွားရေး၊ ကာကွယ်ရေး အင်အားတောင့်တင်းခဲ့သည်။

ကြည်ကြည်ချို (တောင်ကြီးတက္ကသိုလ်)

ဘာသာရေးကို အခြေခံ၍ ယဉ်ကျေးမှုဓလေ့ထုံးစံများ တိုးတက်လာခဲ့သည်။ ပုဂံမင်းများလက်ထက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစွမ်းပကားကြောင့် နိုင်ငံအင်အားတောင့်တင်းပြီး ပတ်ဝန်းကျင်နိုင်ငံများ၏ လေးစားမှုကို ခံခဲ့ရသည်။ ပုဂံခေတ်နှောင်းပိုင်းတွင် ပြည်တွင်း စည်းလုံးညီညွတ်ရေးပျက်ပြားမှုကို အခွင့်ကောင်းယူကာ ပြည်ပမွန်ဂိုတို့ ဝင်ရောက်ကျူးကျော်ခဲ့သဖြင့် ပထမမြန်မာနိုင်ငံတော်ကြီး ပြိုကွဲခဲ့ရသည်။

၁၆ရာစု တောင်ငူခေတ်တွင် တပင်ရွှေထီးနှင့် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့၏ စည်းရုံးရေး ကောင်းမွန်မှုကြောင့် တိုင်းရင်းသားအားလုံးစုစည်းကာ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည် တည်ထောင်နိုင်ခဲ့သည်။ သို့သော် ဘုရင့်နောင်၏သားတော် နန္ဒဘုရင် လက်ထက်တွင် စည်းလုံးညီညွတ်မှုမရှိသဖြင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးခဲ့ရပြန်သည်။

ခရစ်နှစ် ၁၇၅၂-၁၇၆၀ ကာလအတွင်း ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီးသည် ရွှေဘိုမြို့ကိုအခြေပြုပြီး နိုင်ငံတော် ပြန်လည်တည်ထောင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုမင်းလက်ထက်တွင် စည်းရုံးရေးအင်အား၊ စစ်ရေးအင်အားအကြီးမားဆုံးဖြစ်သည့် အတွက် ပတ်ဝန်းကျင်နိုင်ငံများ၏ လေးစားမှုကိုခံခဲ့ရသည်။ သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကျဆင်းလာသည့် အချိန်မျိုးတွင် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်မှုများကိုခံခဲ့ရသည်။ ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ခုနှစ်များတွင် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည့်အတွက် လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝကို ကျရောက်ခဲ့သည်။ ထို့ကြောင့် စည်းလုံးညီညွတ်ရေးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက် အရေးကြီးကြောင်း ထင်ရှားလှပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားသိမ်းပိုက်နိုင်ခဲ့သော်လည်း မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ကို လုံးဝဖြိုဖျက်နိုင်ခြင်း မရှိခဲ့ပေ။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ထိန်းသည့် စိတ်ဓာတ်၊ မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးစံကို လေးစားမြတ်နိုးသည့်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိပါးစော်ကားမှုကို မခံသည့်စိတ်ဓာတ်များ ဖြစ်သည်။ ပြည်ထောင်စု စိတ်ဓာတ် ဆိုသည်မှာလည်း မျိုးချစ်စိတ်ဓာတ်အပေါ် တွင် အခြေခံသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားသိမ်းပိုက်နိုင်ခဲ့သော်လည်း မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ကို လုံးဝဖြိုဖျက်နိုင်ခြင်း မရှိခဲ့ပေ။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ထိန်းသည့် စိတ်ဓာတ်၊ မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးကို လေးစားမြတ်နိုးသည့်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိပါးစော်ကားမှုကို မခံသည့်စိတ်ဓာတ်များဖြစ်သည်။ ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာလည်း မျိုးချစ်စိတ်ဓာတ်အပေါ်တွင် အခြေခံသည်။

၁၈၈၆ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့တွင် မြန်မာတို့၏ အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသော်လည်း သူ့ကျွန်မခံလိုသော စိတ်ဓာတ်ရှိသည့် တိုင်းရင်းသားတို့သည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့သည်။ လက်နက်အင်အားမမျှမှု၊ တစုတစည်းမရှိမှုတို့ကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ သို့သော် မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန် မျိုးချစ်စိတ်ဓာတ်များသည်ကား မီးခဲပြာဖုံး ဖြစ်ကြရသည်။

၂၀ရာစုဆန်းစ ကာလတွင် ပြာဖုံးနေသောမီးခဲများ ရဲရဲတောက်ပြန်လည်ဖြစ်ပေါ်လာရန် ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေအသင်းများဖွဲ့စည်းပြီး ဝံသာနုလှုပ်ရှားမှုများနှင့် နယ်ချဲ့တို့ကို ခုခံလာခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့တို့က သွေးခွဲအုပ်ချုပ်ရေးစနစ် (Divide and Rule Policy) ကို ကျင့်သုံးလာသည့်အခါတွင် ဂျီစီဘီအေအသင်းကြီးသည် အစိတ်စိတ် ပြိုကွဲခဲ့ရသည်။ အုပ်စုကွဲသွားသော်လည်း မူမကွဲခဲ့ပေ။ ဆက်လက်၍ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို အရှိန်မြှင့်၍ ဆောင်ရွက်လာခဲ့ကြသည်။

မျိုးချစ်လူငယ်များသည် ၁၉၃၀ပြည့်နှစ်တွင် ဒို့ဗမာအစည်းအရုံးကို ဖွဲ့ပြီး လွတ်လပ်ရေးအတွက် မျိုးချစ်စိတ်၊ ဇာတိမာန်စိတ်ကို လှုံ့ဆော်စည်းရုံးခဲ့သည်။ ဒို့ဗမာအစည်းအရုံး၏ စည်းရုံးမှု၊ အားပေးမှုတို့ကြောင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးပါဝင်သည့် ၁၃၀၀ပြည့် အရေးတော်ပုံကို ဆင်နွှဲနိုင်ခဲ့သည်။ စည်းလုံးညီညွတ်ခြင်း၏ အကျိုးရလဒ်တစ်ခုမှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသည့်အချိန်တွင် လက်နက်ကိုင် တိုက်ပွဲဝင်ရန် စည်းရုံးကြသည်။ ပြည်ပအကူအညီ ရရှိရန်အတွက် နည်းလမ်းရှာကြံကြပြီး နယ်ချဲ့တို့ကိုလည်းကောင်း၊ ဖက်ဆစ်တို့ကို လည်းကောင်း တိုက်ထုတ်နိုင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်သို့ ပြန်လည်ကျရောက်ခဲ့ရပြန်သည်။ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြရပြန်သည်။ ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံအပေါ် ရေရှည်ကျွန်ပြုစိုးမိုးလိုသည့်အတွက် နည်းမျိုးစုံသုံးကာ သွေးခွဲခဲ့ကြသည်။ ၁၉၂၃ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေး ပေးစဉ်ကတည်းက မြေပြန့်နှင့်တောင်တန်းဒေသများကို သီးခြားခွဲ၍ အုပ်ချုပ်ခဲ့ခြင်းသည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင် သွေးခွဲအုပ်ချုပ်ခြင်းဖြစ်သည်။ သို့သော် ဘယ်သူခွဲခွဲ သွေးမကွဲသည့် တိုင်းရင်းသားတို့သည် တောင်တန်းမြေပြန့် မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွရယူနိုင်ရန်အတွက် တိုင်းရင်းသား ခေါင်းဆောင်ကြီးများက ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၃ရက်မှ ၁၂ရက်နေ့အထိ ကျင်းပခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသသည့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ပင်လုံညီလာခံကြီးမှ ပုံဖော် တည်ဆောက်ပေးလိုက်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ ဆက်လက်ကြိုးပမ်းခဲ့ကြရာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံအဖြစ်သို့ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။ သို့ဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းပကားသည် ပြည်ထောင်စု၏အားအဖြစ် ပင်လုံမြေက ဖော်ညွှန်းပြသနေပါကြောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ရှမ်းပြည်နယ်

ရွှေလီတံတား

ရွှေလီတံတားကို ၂၀၀၃ ခုနှစ် မတ်လ ၉ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ တံတားအရှည် ပေ၂၃၃၀ရှိပြီး စစ်ကိုင်းတိုင်းဘက်တွင် ကသာမြို့နယ် ပျဉ်ထောင်လေးကျေးရွာနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဘက်၌ မဘိမ်းမြို့နယ် ငါးအိုကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ရှမ်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၆၀၁၅၅ ကျယ်ဝန်းသည်။ ရှမ်းတိုင်းရင်းသားများနှင့်အတူ ကချင်၊ ကိုးကန့်၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ ဗမာ၊ လီဆူး၊ "ဝ"၊ အခါနှင့်အင်းသားစသည့် တိုင်းရင်းသားမျိုးနွယ်စုများအတူတကွ ပူးပေါင်း နေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင်တည်ရှိနေသည်။ လက်ရှိ လူဦးရေ ၅၂၆၃၀၀၀ခန့်ရှိသည်ဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်း မိုင်လျှင် ၈၈ဦးဖြစ်သည်။

ကုန်းပြင်မြင့်ဒေသတွင် တည်ရှိနေသော ပြည်နယ်ဖြစ်သည်။ ပျမ်းမျှပေ ၃၀၀၀ ခန့်မြင့်သော တောင်တန်းများသည် အများအားဖြင့် မြောက်ဘက်မှ တောင်ဘက်သို့သွယ်တန်းနေကြသည်။ အချို့တောင်တန်းများမှာ ပေ ၇၀၀၀ ကျော်အထိမြင့်သည်။ တောင်တန်းများအကြားတွင် ဟဲဟိုး၊ သီပေါ၊ ကျိုင်းတုံစသည့် ချိုင့်ဝှမ်းလွင်ပြင်များလည်းရှိသည်။ သံလွင်မြစ်သည် မြောက်မှတောင်သို့ဖြတ်သန်းစီးဆင်းနေပြီး မြစ်လက်တက်များ ပေါများသည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူနေရသည့် ကာလအတွင်းတွင် အေးအေးချမ်းချမ်း၊ ညီညီညွတ်ညွတ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မဏ္ဍိုင်ပြုကာ ပြည်နယ်နှင့်တိုင်းအသီးသီး၌ ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံများကို တည်ဆောက်မြှင့်တင်ပေးခဲ့သည်။

ဤသို့ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော်သစ်ဆီသို့ ချီတက်ကြရာတွင် နိုင်ငံတော်၊ပြည်သူနှင့်တပ်မတော်တို့၏ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများမှာ တောင်ပေါ်မြေပြန့် တစ်သားတည်းဖြစ်ထွန်းလာသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)ရှိ ပန်ဆန်း(ပန်ခမ်း)မြို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



တိုင်းရင်းသား ညီနောင်များ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်မှုရရှိလာသော ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ၁၉၈၈ ခုနှစ် မတိုင်မီကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများ ပါရှိသည့် ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
စိုက်ပျိုးမြေ (ဧက)	၂၃၁၄၂၄၃	၃၀၇၃၀၆၁	၇၅၈၇၉၈
ဆည်မြောင်း၊ တာတမံ	၃၆	၈၂	၄၆
မြစ်ရေတင်လုပ်ငန်း	–	၃	၃
မိုးစပါးစိုက် (ဧက)	၈၃၄၁၇၆	၁၆၁၀၇၇၈	၇၇၆၆၀၂
နွေစပါးစိုက် (ဧက)	–	၃၉၂၄၇	၃၉၂၄၇
ဆီထွက်သီးနှံစိုက် (ဧက)	၁၀၀၇၅၄	၃၁၁၈၂၀	၂၁၁၀၆၆
ငါးမွေးမြူရေးကန် (ဧက)	–	၃၅၃၇	၃၅၃၇
သစ်တောပြုစုပျိုးထောင်မှု			
ကြိုးဝိုင်းတော (စတုရန်းမိုင်)	၃၄၀၄	၁၀၁၇၄	၆၆၇၀
သဘာဝသစ်တောဧရိယာ (စတုရန်းမိုင်)	၃၀၀	၆၃၄	၃၃၄
သစ်တောစိုက်ခင်း (ဧက)	၃၀၀	၁၅၈၁၂၉	၁၅၇၈၂၉
လမ်းပန်းဆက်သွယ်ရေး			
ကားလမ်း (မိုင်)	၄၀၇၇	၄၅၂၉	၄၅၂
ရထားလမ်း (မိုင်)	၁၆၈	၄၆၉	၃၀၁
သံလမ်း (မိုင်)	၁၈၆	၅၀၁	၃၁၅
ဘူတာရုံ	၂၅	၉၅	၇၀
ပေ ၁၈၀ အထက်တံတား	၂၄	၄၀	၁၆
ပေ ၁၈၀ အောက်တံတား	၆၅၅	၉၈၁	၃၂၆
စက်မှုဖွံ့ဖြိုးမှု			
စက်မှုဇုန်များ	–	၁	၁
အိမ်တွင်းစက်မှုလက်မှု	–	၂၈	၂၈
လျှပ်စစ်စွမ်းအား			
ရေအားလျှပ်စစ်စက်ရုံ	၃	၁၅	၁၂
ဓာတ်အားသုံးစွဲမှုယူနစ် (သန်း)	၂၄	၃၂၉	၃၀၅
ပညာရေး			
အခြေခံပညာကျောင်းအင်အား			
မူလတန်းကျောင်း	၃၂၉၂	၄၂၄၂	၉၅၀
အလယ်တန်းကျောင်း	၁၆၁	၂၃၄	၇၃
အထက်တန်းကျောင်း	၅၉	၂၀၀	၁၄၁
ဆရာ/ဆရာမဦးရေ	၁၁၃၉၉	၂၂၃၃၇	၁၀၉၃၈
ကျောင်းသားဦးရေ	၃၄၇၈၇၈	၆၈၅၅၃၄	၃၃၇၆၅၆
အဆင့်မြင့်ပညာအဆင့်			
တက္ကသိုလ်	–	၂	၂
ဒီဂရီကောလိပ်	၁	၂	၁
ကောလိပ်	၁	၁	–
အစိုးရကွန်ပျူတာကောလိပ်	–	၄	၄
အစိုးရနည်းပညာကောလိပ်	–	၄	၄
ကျန်းမာရေး			
ဆေးရုံ	၈၇	၁၃၅	၄၈
ကျေးလက်ကျန်းမာရေးဌာန	၁၁၄	၂၁၁	၉၇
ဆက်သွယ်ရေး			
စာတိုက်စခန်း	၁၀၁	၁၅၇	၅၆
ကြေးနန်းရုံး	၃၁	၈၇	၅၆
တယ်လီဖုန်းရုံး	၂၇	၁၂၄	၉၇
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး			
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၁	၇၈	၇၇
ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်	–	၄၀၈၉	၄၀၈၉
ကိုယ်ပွားသတင်းစာတိုက်	–	၃	၃

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၆မှ ၁၆–၂–၂၀၀၆

အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၄–၂–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဝါသနာရှင်စင်မြင့် (၃) (ဥက္ကာမင်းမောင်၊ မေခလာ)
၇း၄၅	Sunday Talk (ဦးမျိုးမြင့်သူ၊ ကိုကို–စက်မှုတက္ကသိုလ်၊ ဒေါက်တာဇော်သန်း)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	မွန်ရိုးရာဝတ်စားဆင်ယင်မှု
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ဇေဇေပန်းချီပြပွဲ
၉း၃၀	မိုးလေဝသခန့်မှန်းချက်
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ချစ်သူများနေ့မှတ်မှတ်ရရ
၁၀း၀၅	ဗွီစီဒီမိတ်ဆက် (ရန်အောင်နှင့်သူ၏ချစ်သူများ)
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	ကြည်နူးခံစားလက်ဆောင် ထုပ်ပိုးမှုများ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	မြန်မာ–မလေးရှား ချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ (အမျိုးသားနှစ်ယောက်တွဲပွဲစဉ်)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	အသုံးပြုစရာကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	Liverpool-Arsenal	5-Sports (Live)

ဒို့ပြည်ထောင်စု မြန်မာပြည်

❐ သန်းပေါင်းလေးဆယ်၊ နှစ်ဝယ်ရှည်ကြာ
မြန်မာတို့မြေ၊ စခဲ့ပေ၏
ခြေခြေမြစ်မြစ်၊ ကျောက်ခေတ်လူသား
နေထိုင်သွားကြောင်း၊ ထင်ရှားပုံဆောင်
ပုံတောင်ရုပ်ကြွင်း၊ သက်သေနှင်းသည်
ငြင်း၍မရ၊ ခိုင်မာလှသော
မြန်မာ့မြေကား အံ့ဖွယ်တကား။

❐ အနော်ရထာ၊ ဘုရင့်နောင်၊ ဦးအောင်ဇေယျ
မြန်မာ့မြေဖွား၊ ပြည်ချစ်သားတို့
ထင်ရှားဂုဏ်ရည်၊ စုစည်းတည်ခဲ့
ပြည်မြန်မာအား၊ နယ်ချဲ့များက
မျိုဝါးတစ်ခေတ်၊ သူ့ကျွန်ဖြစ်ခဲ့
သို့ဖြစ်ပေငြား၊ တိုင်းရင်းသားတို့
အားမာန်ကိုယ်စီ၊ ဓား လှံ ကိုယ်စီ
ညီနောင်ထုအရေး၊ ပြည်ထောင်စုသွေး
စွေးစွေးနီစွာ၊ တိုက်ထုတ်ပါမှ
မြန်မာလွတ်လပ်
ထွတ်မြတ်ပြည့်ဂုဏ်၊ သင်းပျံ့ထုံသည်
ပင်လုံစိတ်ဓာတ် အခြေခံတကား။

❐ ယနေ့အခါ၊ ပြည်မြန်မာသည်
ညီညာလက်တွဲ၊ သွေးမကွဲတော့
သွေးခွဲလာမူ၊ ဘယ်သူဖြစ်ဖြစ်၊ ချေမှုန်းပစ်မည်
ချစ်မြတ်နိုးညီ၊ အားလုံးသည်လျှင်
"ဤပြည်ထောင်စု"
"ဤအချုပ်အခြာအာဏာ"
"ဤတိုင်းရင်းသားစည်းလုံးညီညွတ်ရေး"
ခိုင်မြဲရေးသာ၊ တွေးလျက်ပြည်သူ
အခြေခံမူ၌
အတူမျှရည် မျှော်မှန်းသည်။
လမ်းစဉ်ခုနစ်ရပ် ဖော်ဆောင်မည်။
ဒို့ပြည်ထောင်စု မြန်မာပြည်။
ဥမကွဲ သိုက်မပျက် ချီတက်မည်။ ။

မြင်းမူမောင်နိုင်မိုး

ရှင်သာမဏေ ဓမ္မဗိမာန် ပဋ္ဌာန်းဒေသနာတော်သင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ဗဟန်းမြို့နယ် အာဇာနည်လမ်း (ရွှေတိဂုံစေတီတော် အရှေ့ဘက်) ရှင်သာမဏေ ဓမ္မဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၁၈ရက် (စနေနေ့)မှစ၍ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ ၁၀နာရီခွဲအထိ ပဋ္ဌာန်းဒေသနာတော် သင်တန်းကိုလည်းကောင်း၊ မွန်းလွဲ ၁၂နာရီခွဲမှ ၂နာရီခွဲအထိ ဆဆက္ကသုတ္တန် ဒေသနာတော်သင်တန်းကိုလည်းကောင်း ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ရှင်သာမဏေ ဓမ္မဗိမာန် ရုံးခန်းဖုန်း-၃၈၇၃၆၁ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အကောက်ခွန် ဝန်ထမ်းဟောင်းများအသင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် လမ်း ၅၀ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများအား မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းနှင့် အကျွေးအမွေးဖြင့် ဧည့်ခံမည်ဟု သိရသည်။ **(သတင်းစဉ်)**

ရခိုင် သဟာယအသင်းနှင့် ရခိုင်အမျိုးသမီးအသင်း ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ ရခိုင်သဟာယအသင်းနှင့် ရခိုင် အမျိုးသမီးအသင်းတို့ ပူးပေါင်းကျင်းပသည့် ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုများ ချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲသို့ ရခိုင်သဟာယအသင်းနှင့် ရခိုင် အမျိုးသမီးအသင်းတို့မှ နာယကများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အမှာစကား

အစီအစဉ်အရ ရခိုင်သဟာယအသင်းနာယက ဦးမင်းကြည်၊ ရခိုင်အမျိုးသမီးအသင်း နာယက ဒေါ်မေကြည်၊ ရခိုင် သဟာယအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေဦးနှင့် ရခိုင် အမျိုးသမီးအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်တို့က အမှာစကားအသီးသီး ပြောကြားပြီး ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ရခိုင်ပြည်နယ်မှ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရရှိကြသော အသင်းဝင်များ၏ သားသမီးများနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ နိုင်ငံတကာ ကလေးပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်သဟာယအသင်းနှင့် ရခိုင် အမျိုးသမီးအသင်းတို့ ပူးပေါင်း ကျင်းပသည့် ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုများ ချီးမြှင့်ပွဲတွင် ရခိုင် သဟာယအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေဦး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ သြဝါဒပါတိမောက်အခါတော်နေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ သြဝါဒပါတိမောက် အခါတော်နေ့ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက မဟာစည်ဓမ္မာရုံတွင်ကျင်းပရာ **(အပေါ်ပုံ)** ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သြဝါဒပါတိမောက်အခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို လျှောက်ထားတင်ပြသည်။ ဆက်လက်၍ သံဃာတော်များနှင့် ဟိတေသီအဖွဲ့ဝင်ယောဂီများက သြဝါဒပါတိမောက် ပါဠိတော်များ၊ အနက်အဓိပ္ပာယ်များ၊ ရှစ်လုံးကဗျာများကို ညီညာဖြိုဖြို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် သြဝါဒစရိယဆရာတော် ဦးကဝိဓဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်မြတ်က သြဝါဒပါတိမောက်တရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူပြီး ရန်ကုန်မြို့ မြင့်မြတ်ဟိန်းကုမ္ပဏီပိုင်ရှင် ဦးမောင်မောင်တာ-ဇနီး ဒေါ်အိအိခိုင်၊သား မောင်ထူးမင်းမြတ်၊သမီး မမေမြတ်ပန်းဟိန်း မိသားစုများက ယောဂီနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ဒေါက်တာတင်ခိုင်မြင့်က အလှူရှင်များကို ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်ရာ ဆရာတော်ကြီးက အလှူရှင်အသီးသီး၏ ကုသိုလ်များကို ရေစက်ချ အမျှအတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ကျေးလက်ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်

ခြံစည်းရိုးကြက်ဆူဆီသည် လောင်စာဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင်လည်းကောင်း၊ ကျေးလက်ဒေသနေ ပြည်သူတိုင်း လူမှုစီးပွားဘဝ မြင့်မားရေးအတွက်လည်းကောင်း အရေးပါသောကဏ္ဍက ပါဝင်လာသည်။

ယခုအခါ ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်ပုံကို ပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာကြသဖြင့် နိုင်ငံတစ်ဝန်းတွင် တိုးချဲ့စိုက်ပျိုးနေကြပြီဖြစ်သည်။ ယင်းသို့စိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ်နည်းပါးသည့်အပြင် အပင်ပြုစုရမှုအနည်းဆုံးဖြင့် စိုက်ပျိုးနိုင်သည်။

မှန်ကန်သည့် စိုက်နည်းစနစ်

မျိုးစေ့တစ်ပြည်တွင် အစေ့ပေါင်း ၁၂၀၀ ခန့်ပါရှိသည်။ တစ်ဧကစိုက်လျှင် စိုက်ကျင်း ၁၂၀၀ ရှိသည်။ တစ်ကျင်းလျှင် မျိုးစေ့နှစ်စေ့နှုန်းဖြင့် မျိုးစေ့ ၂၄၀၀ (နှစ်ပြည်)လိုအပ်သည်။ ပျိုးအိတ်တစ်အိတ်လျှင် တစ်စေ့ပျိုးရန် ဖြစ်သည်။ အစိုဓာတ်လုံလောက်စွာရရှိပါက ၁၀ ရက်ကြာလျှင် အပင်ပေါက်သည်။ အပင်ပေါက်ပြီး သုံးပတ်အတွင်း တစ်ပင်ချန်၍ ကြံ့ခိုင်သောအပင်ကို နုတ်ပစ်ရမည်။

ကိုင်းဖြတ်မျိုးပွားရာတွင် ကိုင်းဖြတ်ကို တိုက်ရိုက်စိုက်ပျိုးနိုင်သည်။ မိုးများလျှင် ကိုင်းပုပ်တတ်၍ မိုးနှောင်းပိုင်း၌ စိုက်ပျိုးသင့်သည်။ ကြိုတင်ပျိုးထောင်ရာတွင် ကိုင်းဖြတ်များကို စပ်မြေထည့်ထားသောပျိုးအိတ်၌ ပျိုးထောင်နိုင်သည်။ ပျိုးထောင်ပြီး နှစ်လသားတွင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။ ဓာတ်ခွဲခန်းတွင် အပင်တစ်သျှူးမျိုးပွားနည်းဖြင့်လည်း ဆောင်ရွက်နိုင်သည်။ မျိုးစေ့သန္ဓေလောင်းနှင့် အဖူးမှ တစ်သျှူးမျိုးပွားနိုင်သည်။ ရက်ပေါင်း ၁၇၂ ရက်အတွင်း တစ်သျှူးမျိုးပွားမျိုးစေ့ ၁၂၀၀ မှ ပျိုးပင် သုံးသန်းခွဲကျော်ရရှိနိုင်သည်။

ပွင့်ချိန်၊သီးချိန်နှင့် အထွက်နှုန်း

ခြံစည်းရိုးကြက်ဆူပင်သည် နှစ်ရှည်ပင်တစ်မျိုးဖြစ်ပြီး အပင်အမြင့်မှာ ခြောက်ပေမှ ၁၈ ပေခန့်အထိ ရှိတတ်သည်။ စိုက်ပြီး တစ်နှစ်ခန့်အကြာတွင် အစိမ်းရောင်သန်းသည့် ပန်းခိုင်၊ အဝါရောင်သန်းသည့် ခေါင်းလောင်းပုံသဏ္ဌာန် အပွင့်များ ပွင့်သည်။ ပထမအကြိမ် ဇန်နဝါရီ- ဖေဖော်ဝါရီလများတွင် ပန်းပွင့်ပြီး မေလ၌ အသီးရရှိသည်။ ဒုတိယအကြိမ် ဩဂုတ်-စက်တင်ဘာလတွင် ပန်းပွင့်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလ၌ အသီးတစ်ကြိမ် ထပ်မံရရှိသည်။

အသီးသည် လုံးဝိုင်း၍ အစိမ်းရောင်ရှိပြီး ရင့်မှည့်ပါက အဝါရောင်မှ အမည်းရောင်သို့ ပြောင်းသွားသည်။ ပင်စည်တွင် အခိုင်လိုက်သီး၍ သီးခိုင်တစ်ခိုင်တွင် ငါးလုံးမှ ၁၀ လုံးအထိရှိသည်။ အပင်သက်တမ်းသည် နှစ် ၅၀ အထိရှိသည်။ အသီးအထွက်မှာ ခြောက်နှစ်မှ နှစ် ၃၀ အထိ ကောင်းမွန်သည်။ နောက်ပိုင်းတွင် အထွက်နှုန်း တဖြည်းဖြည်းလျော့နည်းလာသည်။

တစ်နှစ်ပတ်လုံးသီးနိုင် ပွင့်နိုင်

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရာတွင် ရေများစွာမလိုသော်လည်း ခြောက်သွေ့ချိန်တွင် တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ် ရေပေးသွင်းသင့်သည်။ ရေလုံလောက်စွာရရှိပါက တစ်နှစ်ပတ်လုံး ပန်းပွင့်၍ အသီး သီးနိုင်သည်။

ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်ပုံကို ပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာကြသဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရန် ပြုစုပျိုးထောင်ထားသည့် ကြက်ဆူပျိုးပင်များကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စိုက်ခင်းတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျကျွေးရန်လည်း လိုသည်။ စိုက်ခင်း စတင်ပြင်ဆင်ချိန်တွင် ပေါင်းမြက်ကင်းစင်ရန် လိုသည်။ အပင်သက်တမ်း သုံးလနှင့် လေးလတွင် ခေါင်နှိမ်ကိုင်းဖြတ်ပေးခြင်းဖြင့် ဘေးကိုင်းများဖြာထွက်ကာ အသီးအထွက်နှုန်းတိုးစေပြီး ဆွတ်ခူးရာတွင်လည်း လွယ်ကူစေမည်ဖြစ်ပေသည်။ ။

14-2 (10).p65 1 3/26/1905, 8:37 PM

ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့်အဖွဲ့ ၊ ကော်မတီများမှ အဖွဲ့ဝင်ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်း ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့်အဖွဲ့၊ ကော်မတီများမှ အဖွဲ့ဝင်ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးနှင့်အဖွဲ့ဝင်ပညာရှင်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို(အေ) ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး (အပေါ်ပုံ) **အဖွဲ့ဝင်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သည်။**

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြန်ကြားရေး ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသောအဖွဲ့၊ ကော်မတီများမှ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများ၊ အထူးဖိတ်ကြားထားသူများနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခုနှစ်တွင် ဆက်လက်ဆောင်ရွက်ရမည့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုများ စိစစ်၊ ရွေးချယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ဗီဒီယိုဆင်ဆာအဖွဲ့တို့၏လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

အဖွဲ့ဝင်များ

ယင်းနောက် ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် စာပေအနုပညာဆိုင်ရာ စိစစ်၊ ရွေးချယ်၊ အကဲဖြတ်ရေးလုပ်ငန်းများအတွက်ဖွဲ့စည်းထားသည့်အထက်ပါအဖွဲ့၊ ကော်မတီများတွင် ပါဝင်သည့်အဖွဲ့ဝင်များမှာနိုင်ငံ့ဝန်ထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ပြင်ပမှ ပညာရှင်ပုဂ္ဂိုလ်များ ပါဝင်ကြောင်း။

ယင်းပညာရှင်များ၏ နယ်ပယ်အသီးသီး၌ အတွေ့အကြုံဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ကျွမ်းကျင်မှုစသည့် ပညာဂုဏ်၊ အသက်အရွယ်ကြီးရင့်သော်လည်း ပေးအပ်သော တာဝန်အပေါ် စေတနာထား၍ အပင်ပန်းခံ ကြိုးစားဆောင်ရွက်ခဲ့သော စေတနာနှင့် လုပ်အားဂုဏ်၊ စိစစ်၊ ရွေးချယ် အကဲဖြတ်ရာတွင် မှန်မှန်ကန်ကန် မျှမျှတတနှင့် အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြသည့် သိက္ခာဂုဏ်တို့ကို အလေးအမြတ်ထား၍ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ပါကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးထားသည့် အဖွဲ့၊ ကော်မတီများမှ ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ရာ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ အဖွဲ့(၁)ကိုယ်စား ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အကြံပေးပုဂ္ဂိုလ် ဦးမြင့်သိန်း၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်မားရေး အကဲဖြတ်အဖွဲ့ အဖွဲ့(၂)ကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်မားရေးအကဲဖြတ်အဖွဲ့ အဖွဲ့(၃) ကိုယ်စား အဖွဲ့ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကိုယ်စား ကော်မတီဥက္ကဋ္ဌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ စာပေဗိမာန် စာမူဆုစိစစ်ရွေးချယ်ရေး အဖွဲ့ကိုယ်စား အဖွဲ့ဒုတိယဥက္ကဋ္ဌ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကိုယ်စား အဖွဲ့ဥက္ကဋ္ဌ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အကြံပေးအရာရှိ ဦးမျိုးသန့်၊ ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိ မှတ်တမ်းစိစစ်ရေး ကော်မတီကိုယ်စား ဂီတလုလင် ဦးကိုကို၊ မဟာဂီတသီချင်းကြီး ရွေးချယ်စိစစ်ရေးအဖွဲ့ကိုယ်စား ဦးစိန်လှမြိုင်၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ကိုယ်စား အေဝမ်းဦးစိုးမြင့်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်ဆင်ဆာအဖွဲ့ကိုယ်စား အဖွဲ့အတွင်းရေးမှူး ဦးမြင့်သိန်းဖေနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုဆင်ဆာအဖွဲ့ကိုယ်စား အဖွဲ့အတွင်းရေးမှူး ဦးသိန်းထွန်းအောင်တို့အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပညာရှင် ဆရာ ဆရာမကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးထားသည့်အဖွဲ့၊ ကော်မတီများမှ ပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ရာ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ကိုယ်စား အေဝမ်းဦးစိုးမြင့်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ရှေ့လုပ်ငန်းစဉ်များ ပြန်လည်ရှင်းလင်းခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

၂၀၀၆ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးမှ ရှေ့လုပ်ငန်းစဉ်များ ပြန်လည်ရှင်းလင်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းက အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်လတ် တက်ရောက်၍ ၂၀၀၆ခုနှစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးမှ ရှေ့လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် မွန်ပြည်နယ် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့များမှ တာဝန်ရှိသူများက မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို လုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများ ဆောင်ရွက်ကြပြီး နာယကဒေါ်တင်တင်လတ် **(အောက်ပုံ)** က လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဆေးရွက်ကြီးအန္တရာယ်ကာကွယ်ရေးအလုပ်ရုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် အမျိုးသမီးများနှင့် ဆေးရွက်ကြီးအန္တရာယ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်၈နာရီခွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲအတွင်းရေးမှူးဒေါက်တာဒေါ်ခင်မာအေး **(အပေါ်ပုံ)** နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်လှမြင့်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

စီမံချက်များချမှတ်

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရီရီချို့နှင့် ဒေါက်တာဖြူဖြူအေး တို့က ဦးဆောင်၍ အမျိုးသမီးထုအတွင်း ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကြောင့် ဖြစ်တတ်သော ရောဂါများ၊ ဆယ်ကျော်သက်ကလေးလူငယ်လူရွယ်များအကြား ဆေးလိပ်သုံးစွဲသည့် အလေ့အထ၊ အမူအကျင့်များ ပြုပြင်ပြောင်းလဲရေးများနှင့် အမျိုးသမီးများတွင် ဆေးလိပ်ခိုးငွေ့ ရှူရှိုက်မိပါက မိခင်မှ ကလေးသို့ ထိခိုက်နိုင်သည့် အန္တရာယ်မှကာကွယ်နိုင်မည့်အကြောင်းအရာများကို ဆွေးနွေးကြသည်။ ဆေးလိပ် ဆေးရွက်ကြီးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေး၍ စီမံချက်များ ချမှတ်ကြသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်၂၁ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ယနေ့ပြန်လည်ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ရက် (ယနေ့) ညနေ၃ နာရီခွဲမှ စတင်၍ ပြန်လည်ကျင်းပမည်ဖြစ်သည်။ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ၂၂ရက်မှ စတင်၍ ခေတ္တရပ်နားထားခဲ့ရာ တစ်သင်းလျှင် ကိုးပွဲစီကစားပြီးဖြစ်သည်။ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ၁၆သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ တစ်သင်းလျှင် ၁၅ပွဲစီ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ယခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသော အသင်းများမှာ ဘဏ္ဍာ/အခွန်အသင်း၊ စီးပွား/ကူးသန်းအသင်း၊ ပို့ဆောင်ရေးအသင်း၊ စွမ်းအင်အသင်း၊ သစ်တောရေးရာအသင်း၊ လယ်ယာ/ဆည်မြောင်းအသင်း၊ လယ်ယာထွက်ကုန်အသင်း၊ ကမ္ဘောဇအသင်း၊ တံခွန်အသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ တပ်မတော်(ကြည်း)အသင်း၊ ပြည်ထဲရေးအသင်း၊ စွန်ရဲအသင်း၊ မြို့တော်စည်ပင်အသင်း၊ ရထားပို့ဆောင်ရေးအသင်းနှင့်ဆောက်လုပ်ရေးအသင်းတို့ဖြစ်ကြသည်။ တံခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့မှာ ပုဂ္ဂလိကအသင်းများ ဖြစ်ကြသည်။

ပွဲစဉ်ရေးဆွဲ

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ရာ မတ်လ ၁၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ပွဲစဉ် ရေးဆွဲထားမှုအရ ဖေဖော်ဝါရီ ၁၄ရက်**(ယနေ့)**တွင် သုဝဏ္ဏကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်း၊ အောင်ဆန်းကွင်း၌ တံခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ စွမ်းအင်အသင်းနှင့် ပို့ဆောင်ရေးအသင်း၊ အောင်ဆန်းကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် မြို့တော်စည်ပင်အသင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် အောင်ဆန်းကွင်း၌ ပြည်ထဲရေးအသင်းနှင့် သစ်တောရေးရာအသင်း၊ သုဝဏ္ဏကွင်း၌ ကမ္ဘောဇအသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် အောင်ဆန်းကွင်း၌ လယ်ယာ/ဆည်မြောင်းအသင်းနှင့် စွန်ရဲအသင်း၊ သုဝဏ္ဏကွင်း၌ တပ်မတော်(ကြည်း)အသင်းနှင့် ရထားပို့ဆောင်ရေးအသင်း၊ ဖေဖော်ဝါရီ၁၈ရက်တွင် အောင်ဆန်းကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ သုဝဏ္ဏကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် မြို့တော်စည်ပင်အသင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် အောင်ဆန်းကွင်း၌ တံခွန်အသင်းနှင့် ပို့ဆောင်ရေးအသင်း၊ သုဝဏ္ဏကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် သစ်တောရေးရာအသင်း၊ ဖေဖော်ဝါရီ၂၀ရက်တွင် အောင်ဆန်းကွင်း၌ စွမ်းအင်အသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ သုဝဏ္ဏကွင်း၌ ပြည်ထဲရေးအသင်းနှင့် စွန်ရဲအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရပ်တည်မှု

ယှဉ်ပြိုင်ကစားထားသည့် အနေအထားအရ ဘဏ္ဍာ/အခွန်အသင်းက ကိုးပွဲကစား(၂၇)မှတ်၊ စီးပွား/ကူးသန်းအသင်းက ကိုးပွဲကစား အမှတ်(၂၃)၊ စွမ်းအင်အသင်းက ကိုးပွဲကစားအမှတ်(၂၀)၊ တံခွန်အသင်းက ကိုးပွဲကစား (၁၇)မှတ်၊ သစ်တောရေးရာအသင်းက ကိုးပွဲကစား(၁၃)မှတ်၊ ဆောက်လုပ်ရေးအသင်းက ကိုးပွဲကစား(၁၂)မှတ်၊ မြို့တော်စည်ပင်အသင်းက ကိုးပွဲကစား (၁၁)မှတ်၊ ကမ္ဘောဇအသင်းက ကိုးပွဲကစား(၁၁)မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကိုးပွဲကစား (၁၀)မှတ်၊ စွန်ရဲအသင်းက ကိုးပွဲ ကစား(၁၀)မှတ်၊ ပြည်ထဲရေးအသင်းက ကိုးပွဲကစား (၉)မှတ်၊ ရထားပို့ဆောင်ရေးအသင်းက ကိုးပွဲကစား (၇)မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ကိုးပွဲကစား (၇)မှတ်၊ လယ်ယာထွက်ကုန်အသင်းက ကိုးပွဲကစား (၃)မှတ်ရရှိထားပြီး တပ်မတော်(ကြည်း)အသင်းက ကိုးပွဲကစား အမှတ်မရသေးချေ။

အတန်းဆင်းဇုန်

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် အဆင့်(၁၅) နှင့် အဆင့်(၁၆) ရရှိကြသော အသင်းနှစ်သင်းသည် လာမည့်ဘောလုံးရာသီ၌ ပထမတန်းသို့ဆင်း၍ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရှိအနေအထားတွင် လယ်ယာထွက်ကုန်အသင်း၊ တပ်မတော်(ကြည်း)အသင်း၊ လယ်ယာ/ဆည်မြောင်းအသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့ တန်းဆင်းဇုန်၌ ရောက်ရှိနေကြရာ လက်ကျန်ပွဲများ အရေးပါလာမည်ဖြစ်သည်။

ချန်ပီယံအသင်း

ယခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထရရှိသောအသင်းများအား ငွေသားဆုများချီးမြှင့်မည်ဖြစ်ပြီး ဘောလုံးရာသီတစ်ခုလုံးအတွက် အကောင်းဆုံးဘောလုံးသမား ဆုနှင့် ဂိုးအများဆုံးသွင်းသူဆု(ရွှေဖိနပ်ဆု)တို့ကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအမှတ်ရရှိထားမှု အနေအထားအရ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသာလျှင် ချန်ပီယံဆုကို ဆွတ်ခူးရန်အလားအလာအကောင်းဆုံးဖြစ်နေသည်။ ဒုတိယနေရာမှရပ်တည်နေသော စီးပွား/ကူးသန်းအသင်းမှာ သရေပွဲနှစ်ပွဲဖြစ်ထား၍ ကိုးပွဲဆက်တိုက်အနိုင်ရရှိထားသည့် ဘဏ္ဍာ/အခွန်ကို ကျော်ဖြတ်ရန်မလွယ်ကူချေ။ ဘဏ္ဍာ/အခွန်အသင်းသည်လက်ကျန်ပွဲများအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး၊ မြို့တော်စည်ပင်၊ ပို့ဆောင်ရေး၊ သစ်တောရေးရာ၊ စီးပွား/ကူးသန်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန် အသင်းအနေဖြင့် စီးပွား/ကူးသန်းအသင်းကို ရှုံးခဲ့သည့်တိုင် ကျန်ပွဲစဉ်အားလုံး အနိုင်ရရှိပါက ချန်ပီယံဆုရရှိလိမ့်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းအသင်းများ၏ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
ဘဏ္ဍာ/အခွန်	၉	၉	-	-	၃၅	၂	၂၇
စီးပွား/ကူးသန်း	၉	၇	၂	-	၃၂	၈	၂၃
ပို့ဆောင်ရေး	၉	၆	၂	၁	၂၅	၁၀	၂၀
စွမ်းအင်	၉	၆	၂	၁	၁၄	၇	၂၀
တံခွန်	၉	၅	၂	၂	၁၉	၈	၁၇
သစ်တောရေးရာ	၉	၄	၁	၄	၁၃	၁၃	၁၃
ဆောက်လုပ်ရေး	၉	၃	၃	၃	၇	၆	၁၂
မြို့တော်စည်ပင်	၉	၃	၂	၄	၈	၁၁	၁၁
ကမ္ဘောဇ	၉	၃	၂	၄	၆	၁၄	၁၁
ကာကွယ်ရေး	၉	၂	၄	၃	၈	၈	၁၀
စွန်ရဲ	၉	၂	၄	၃	၈	၁၀	၁၀
ပြည်ထဲရေး	၉	၂	၃	၄	၁၁	၁၉	၉
လယ်ယာ/ဆည်မြောင်း	၉	၂	၁	၆	၈	၂၀	၇
ရထားပို့ဆောင်ရေး	၉	၂	၁	၆	၉	၂၅	၇
လယ်ယာထွက်ကုန်	၉	-	၃	၆	၄	၁၉	၃
တပ်မတော်(ကြည်း)	၉	-	-	၉	၂	၂၈	၀

အာရှပတ်လည်မြားပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမြားပစ်အဖွဲ့ ဗန်ကောက်သို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ထိုင်းနိုင်ငံ ဗန်ကောက် မြို့တွင် ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် အုပ်ချုပ်သူ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊အား/ကာ)ခေါင်းဆောင်သော အဖွဲ့ဝင် ၂၀ ပါဝင်သော မြန်မာမြားပစ်အားကစားအဖွဲ့သည် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်)နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

ပါဝင်

မြန်မာမြားပစ်အားကစားအဖွဲ့တွင် အမျိုးသမီးလက်ထောက်အုပ်ချုပ်သူအဖြစ်ဒေါ်ထွေးထွေးဝင်း၊ နည်းပြဆရာများအဖြစ် ဒေါ်မြတ်သူဇာမြင့်နှင့် ဒေါ်သီသီဝင်း၊ အဖွဲ့အတွင်းရေးမှူးအဖြစ် ဦးသန်းကြိုင်၊ ပြိုင်ပွဲအား စီစဉ်ကြီးကြပ်ရန် ဖိတ်ကြားခြင်းခံရသည့် ဒေါက်တာမြတ်သူရစိုး၊ အားကစားသမားများအဖြစ် Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ ကျော်ချမ်းငြိမ်း၊ အောင်ဇော်နိုင်၊ မျိုးကိုကို၊ အမျိုးသမီး-နန်းမိုဟွမ်၊ အောင်ငှမ်း၊ စန်းယုထွေး၊ Compound အမျိုးသား-ရဲမင်းဆွေ၊ လင်းနိုင်၊ မျိုးအောင်ဆန်း၊ ချမ်းအေးအောင်၊ အမျိုးသမီး- ကေသီ၊ တင်ဇင်အိနှင့် ယုနန္ဒာထိုက်တို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ကချင်ပြည်နယ် မြစ်ကြီးနားဂေါက်ကလပ်တွင် ကျင်းပမည်

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော Grand Royal Special Reserve Golf Champion 2006 ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်နှင့် ၁၉ ရက်တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနားဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Amateur ဂေါက်သီးရိုက်အားကစားသမားများသည် ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍ မြစ်ကြီးနားဂေါက်ကလပ်သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Crusher Cuub Soda၊ Srixon နှင့် Grand Plaza Parkroyal Hotle တို့က အသီးသီးပါဝင် ကူညီကြမည်ဖြစ်ကာ မြစ်ကြီးနားဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို သုဝဏ္ဏစက်ဘီးလေ့ကျင့်ကွင်းတွင် ပြုလုပ်ရာ အမျိုးသား တစ်ဦးချင်း မီတာ ၄၈၀၀ စံချိန်ပြု ဗိုလ်လုပွဲအကြိတ်အနယ် ယှဉ်ပြိုင်စဉ်။
(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲကျင်းပ

ကမ္ဘာတစ်လွှား အားကစား

မန်စီးတီးတို့ နိုင်ပွဲရ၊ တော့တင်ဟမ်တို့ သရေကျခဲ့သည့် ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်(၂၆)

လန်ဒန် ဖေဖော်ဝါရီ ၁၃

ပရီမီယာလိဂ်ပွဲစဉ်(၂၆)အဖြစ် မန်စီးတီးနှင့် ချာလ်တန်၊ ဆန်းဒါးလန်းနှင့် တော့တင်ဟမ်တို့ ဖေဖော်ဝါရီ ၁၂ရက် (တနင်္ဂနွေနေ့)က ယှဉ်ပြိုင်ကစားရာ မန်စီးတီးတို့အိမ်ကွင်း၌အနိုင်ရရှိပြီး ဆန်းဒါးလန်းတို့ တော့တင်ဟမ်ကို သရေကစားနိုင်ခဲ့သည်။

မန်စီးတီးနှင့်ချာလ်တန်

မန်စီးတီးတို့ ဧည့်သည်ချာလ်တန်ကို ခြေစွမ်းပြအနိုင်ရရှိခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရသည်။ ပွဲအစမှ တစ်ချိန်လုံး မန်စီးတီးတို့အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့ရာ မန်စီးတီး တိုက်စစ်မှူးများဖြစ်သည့် ဗက်ဆဲလ်၊ အင်ဒီကိုး၊ ဆင်ကလဲယားတို့အပြင် မူဆမ်ပါနှင့် ဘာတန်တို့ကပါ အတွဲညီညီ ကစားခဲ့မှုကြောင့် ချာလ်တန် နောက်တန်းကို အချိန်အတော်များများ ခြိမ်းခြောက်နိုင်ခဲ့သည်။

မနားတမ်းကန်သွင်း

ပွဲစတင်သည်နှင့်တိုက်စစ်ဖွင့်ကစားခဲ့သောမန်စီးတီးတို့ ပွဲချိန် ၂၂ မိနစ်မှာပင် မန်စီးတီးမှရစ်ချပ်ဒူနီကချာလ်တန် ဂိုးဧရိယာအစပ်မှ မနားတမ်းကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။

ကန်ချက်လွဲ

အဖွင့်ဂိုးစတင်ရရှိပြီး မန်စီးတီးတို့ ဆက်တိုက်ဖိကစားရာ မန်စီးတီး တိုက်စစ်မှူးများ၏ ကန်ချက်လွဲချော်နေမှုကြောင့် ဂိုးထပ်မံမရရှိဘဲ ပထမပိုင်းပွဲချိန်အတွင်း ချာလ်တန် နောက်ခံလူများ၏ဟန့်တားမှုကို ခံခဲ့ရသည်။

ချာလ်တန်တို့ တန်ပြန်တိုက်စစ်မှ တစ်ဆင့် တောင်ပံများမှ ထိုးဖောက်ကစားခဲ့သော်လည်း မန်စီးတီး နောက်တန်းကို ခြိမ်းခြောက်မှု ထိထိရောက်ရောက်မပြုလုပ်နိုင်ခဲ့ချေ။ ချာလ်တန် တိုက်စစ်မှူးများဖြစ်သည့် သောမတ်၊ ဒါရင်ဘင့်၊ မာကပ်စ်ဘင့်နှင့် ဆမာတင်တို့လည်း မန်စီးတီး နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးသွင်းခွင့်ရရှိမှုများကို အကျိုးရှိစွာ အသုံးမချနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုး မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဒုတိယပိုင်းတွင် ချာလ်တန်တို့ ကစားအားတင်ပြီး တိုက်စစ်ဆင်ကစားခဲ့ရာမှ ပွဲချိန် ၅၁ မိနစ်တွင် ချာလ်တန်တိုက်စစ်မှူး ဒါရင်ဘင့်က ချေပဂိုးတစ်ဂိုးပြန်သွင်းယူနိုင်ခဲ့သည်။ ချေပဂိုးရရှိခဲ့သဖြင့် ချာလ်တန် စိတ်ဓာတ်တက်ကြွကာ အနိုင်ဂိုးများသွင်းယူနိုင်ရေး ထပ်မံကြိုးစားသော်လည်း ချာလ်တန်တို့ ချေပဂိုးသွင်းပြီး သုံးမိနစ်အကြာ မန်စီးတီးမှ ဆာမာရာစ်က တစ်ဂိုးသွင်းယူလိုက်သဖြင့် မန်စီးတီးတို့ နှစ်ဂိုး - တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

ဘောလုံးရရှိရေး

မန်စီးတီးနှင့် ချာလ်တန်တို့ပွဲတွင် မန်စီးတီးမှ ဆင်ကလဲယားနှင့် ချာလ်တန်မှ ဂျို န သန် တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကစားကွက်

မန်စီးတီးတို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားကွက်ကို ထိန်းပြီး တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန်၆၂မိနစ်တွင် မန်စီးတီးမှ ဘာတန်က တစ်ဂိုး သွင်းယူလိုက်ပြန်သဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် ဆက်လက်ဦးဆောင်နေခဲ့ပြန်သည်။

သို့သော် ချာလ်တန်အတွက် ဒုတိယချေပဂိုးကို ပွဲချိန် ၆၆ မိနစ်၌ ချာလ်တန်တိုက်စစ်မှူး မားကပ်စ်ဘင့်က သွင်းယူခဲ့သဖြင့် အနည်းဆုံးသရေပွဲဖြစ်ရေးအတွက် ချာလ်တန်တို့ ကြိုးစားခဲ့သော်လည်း ချေပဂိုးထပ်မံမသွင်းနိုင်ချေ။

မန်စီးတီးအနိုင်ရ

ထို့နောက် ချာလ်တန်တို့က သောမတ်အစား အမ်ဘရိုး၊ ဟူဟက်စ်အစား ဘို့သရွိုက်ဒ်၊ ဆမာတင်အစား အီဝဲလ်တို့ ထည့်သွင်းကာ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့၍ မန်စီးတီးက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးသည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ၂၆ ပွဲကစား ၃၇ မှတ်ဖြင့် အဆင့်ကိုးနေရာတွင်ရှိနေသလို ချာလ်တန်တို့ ယခုပွဲရှုံးခဲ့သဖြင့် ၂၅ ပွဲ ကစား ၃၃ မှတ်ဖြင့် အဆင့် ၁၂ နေရာ၌ ရှိနေသည်။

ဆန်းဒါးလန်းနှင့် တော့တင်ဟမ်

အတန်းဆင်းရန်သေချာလုနီးပါးဖြစ်နေသော ဆန်းဒါးလန်းတို့ ခြေစွာနေတဲ့ တော့တင်ဟမ်ကို မိမိကွင်း၌ တစ်ဂိုးစီသရေကစားနိုင်ခဲ့သည်။ ယခုအချိန်ထိ (၂၅)ပွဲကစား နိုင်ပွဲနှစ်ပွဲသာရရှိထားသော ဆန်းဒါးလန်းတို့ အိမ်ကွင်း ၁၄ ပွဲကစားခဲ့ရာတွင် တစ်ပွဲမှ နိုင်ပွဲမရသေးချေ။

အဖွင့်ဂိုး

ယခုသရေပွဲသည်ဆန်းဒါးလန်းတို့ အိမ်ကွင်း၌ လေးပွဲမြောက်သရေပွဲပင်ဖြစ်သည်။ ယခုနှစ်တွင် ခြေစွမ်းတက်လာသော တော့တင်ဟမ်က ခြေအသာကစားကွက်အသာဖြင့် ဖိဖိစီးစီးကစားနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲချိန်၃၈ မိနစ်တွင် တော့တင်ဟမ်တိုက်စစ်မှူး ရော်ဘီကိန်းက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

အခွင့်အရေး

ဆန်းဒါးလန်းတို့ အိမ်ကွင်းတွင် ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပထမပိုင်း ပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။ ဆန်းဒါးလန်းတို့က အယ်လောရင့်အစားဒါရယ်မူဖီ၊စတီဒ်အစား တောလက်တို့ ဝင်ရောက်ကစားပြီး ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့ပြီး ငါးကြိမ်ခန့် အခွင့်အရေး ရရှိခဲ့သည်။

တန်းစီဇယား

ပွဲချိန် ၈၉ မိနစ်တွင် အယ်လောရင့်အစား ဝင်ရောက်ကစားသည့် ဒါရယ်မူဖီက ဆန်းဒါးလန်းအတွက် ချေပဂိုး ပြန်သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ကာ တော့တင်ဟမ်နှင့် တစ်မှတ်စီခွဲဝေယူနိုင်ခဲ့ခြင်း ဖြစ်သည်။ တော့တင်ဟမ်တို့ ယခုပွဲ သရေကျခဲ့သဖြင့် ၂၆ပွဲကစား ၄၅ မှတ်ဖြင့် တန်းစီဇယားစတုတ္ထနေရာတွင်ရှိနေပြီး ဆန်းဒါးလန်းမှာ ၂၅ပွဲ ကစား ၁၀မှတ်ဖြင့် တန်းစီဇယား အောက်ဆုံး၌ ရှိနေသည်။

(အင်တာနက်)

ဆန်းဒါးလန်းနှင့် တော့တင်ဟမ်တို့ပွဲတွင် တော့တင်ဟမ်တိုက်စစ်မှူး ရော်ဘီကိန်း(ဝဲအစွန်) က ဆန်းဒါးလန်းဘက်သို့ ဂိုးသွင်းယူလိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချန်ပီယံလိဂ် ဂိုးအများဆုံး သွင်းထားသူများ

လန်ဒန် ဖေဖော်ဝါရီ ၁၁

ယခုနှစ်ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၌ လက်ရှိအချိန်အထိ ဂိုးအများဆုံး သွင်းထားနိုင်သော တိုက်စစ်မှူးများမှာ အောက်ပါအတိုင်းဖြစ်သည်။

အမည်	အသင်း	သွင်းဂိုး
၁။ ရှက်ဗ်ချင်ကို	အေစီမီလန်	၆
၂။ ရော်နယ်ဒင်ဟို	ဘာစီလိုနာ	၅
၃။ ထရက်ဇီဂေး	ဂျူဗင်းတပ်စ်	၄
၄။ အိုင်ယာကွင်တာ	အူဒီးနီးစ်	၄
၅။ ကာကာ	အေစီမီလန်	၄
၆။ အက်ဒရီယာနို	အင်တာမီလန်	၄
၇။ အွန်နရီ	အာဆင်နယ်	၃
၈။ အီတူး	ဘာစီလိုနာ	၃
၉။ အဲလက်စ်	ဖီနာဘာချီ	၃
၁၀။ အန်အစ်က်ဆီရို	အေဂျက်	၃

(အင်တာနက်)

ချန်ပီယံလိဂ်အများဆုံး ဗိုလ်စွဲခဲ့သော အသင်းများ

မက်ဒရစ် ဖေဖော်ဝါရီ ၁၃

ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတွင် အများဆုံးဗိုလ်စွဲခဲ့သောအသင်း ငါးသင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

အသင်း	ဗိုလ်စွဲခဲ့သောနှစ်
၁။ ရီးယဲလ်မက်ဒရစ်	၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀၊ ၁၉၆၆၊ ၁၉၉၈၊ ၂၀၀၀၊ ၂၀၀၂
၂။ အေစီမီလန်	၁၉၆၃၊ ၁၉၆၉၊ ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၄၊ ၂၀၀၃
၃။ လီဗာပူး	၁၉၇၇၊ ၁၉၇၈၊ ၁၉၈၁၊ ၁၉၈၄၊ ၂၀၀၅
၄။ အေဂျက်	၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃၊ ၁၉၉၅
၅။ ဘိုင်ယန်မြူးနစ်	၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ ၂၀၀၁

(အင်တာနက်)

ဟောင်ကောင်မာရသွန်ပြိုင်ပွဲ ကင်ညာမှ ဆီမွန်ဘောနှင့် အီသီယိုးပီးယားမှ ပူနီတို့ဗိုလ်စွဲ



ဟောင်ကောင်မာရသွန်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သော ကင်ညာနိုင်ငံသား ဆီမွန်ဘော ပန်းဝင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟောင်ကောင် ဖေဖော်ဝါရီ ၁၃

ဟောင်ကောင်တွင် ကျင်းပသည့် ဟောင်ကောင်မာရသွန်အပြေးပြိုင်ပွဲ (အမျိုးသား)တွင် ကင်ညာနိုင်ငံသား ဆီမွန်ဘောက အနိုင်ရဗိုလ်စွဲခဲ့သည်။

ဟောင်ကောင်တွင် ဖေဖော်ဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့)က ကျင်းပခဲ့သော အမျိုးသားမာရသွန် အပြေးပြိုင်ပွဲ၌ ဆီမွန်ဘောက ၂ နာရီ ၁၄ မိနစ် ၂၁ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။

ထို့အတူ ဒုတိယအဖြစ် ကင်ညာနိုင်ငံသား စတီဖင်အင်ဒူနူက ၂ နာရီ ၁၅ မိနစ် ၂၃ စက္ကန့်ဖြင့်လည်းကောင်း၊ တတိယအဖြစ် အီသီယိုးပီးယားနိုင်ငံမှ တာယီမိုဂတ်စ်မာနိုက ၂ နာရီ ၁၇ မိနစ် ၄၈ စက္ကန့်ဖြင့်လည်းကောင်း ဆုအသီးသီးရရှိခဲ့သည်။

ထို့အပြင် အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲတွင် အီသီယိုးပီးယားနိုင်ငံသူ ဒိုင်ရီပူနီက ၂ နာရီ ၃၅ မိနစ် ၁၅ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

(အင်တာနက်)

ဟောင်ကောင်မာရသွန်ပြိုင်ပွဲ အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော အီသီယိုးပီးယားနိုင်ငံသူ ဒိုင်ရီပူနီ ပန်းဝင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၂-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၉။ အကပြိုင်ပွဲ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၆:၅၅ ၅။ **"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၁၆:၅၅ ၆။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၇:၁၀ ၇။ တေးဂီတအစီအစဉ်
၁၇:၂၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၆၄)
၁၈:၅၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လှေကားထစ်လေးများ"** (အပိုင်း-၃၉)
၁၉:၄၀ ၁၃။ **"ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ"** (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၁၉:၅၀ ၁၄။ ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၁၀)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြတ်ကျော်သည် ကစားဖော်များဖြစ်ကြသော ဦးလှမိုး၊ဗိုလ်ကြီးအောင်သက်မြင့်၊ ဦးဖြိုးဝေထက်တို့နှင့် အတူ ဖေဖော်ဝါရီ၁၂ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြကန်သာ ဂေါက်ကွင်း၌ ဂေါက်သီးရိုက် ကစားစဉ် ၁၇၄ကိုက်အကွာအဝေးရှိသောကျင်းအမှတ်(၈)၌ Precept 33 ဘောလုံးကို Maruman Iron No-6 သံတုတ်ဖြင့် ရိုက်လိုက်ရာတစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဦးကျော်ဝင်းသည် ကစားဖော်များဖြစ်သော ဦးဇော်ထွန်း၊ ဦးစိုးကျင်၊ ဗိုလ်မှူးဝင်းမြတ်တို့နှင့်အတူ ဂေါက်သီးရိုက် ကစားရာ ကျင်းအမှတ်(၄)၊ ၁၆၈ ကိုက်အကွာမှ Titleist(1) ဘောလုံးကို Srixon 506 Iron(8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(က-ပ)**

ကုံရာသီ တပို့တွဲ

တပို့တွဲလသည် ကုံရာသီဖြစ်သည်။ သို့ကြောင့်လည်း ကုံရာသီ တပို့တွဲဟု ပြောတတ်ကြသည်။ နံ့သာရည်အပြည့်နှင့် အိုးကိုပခုံးပေါ် ထမ်းထားသော အိုးထမ်းယောကျ်ားသဏ္ဌာန်ရှိသည့် ကုံရာသီဟူ၍လည်း ရာဇမတ္တဏ်ကျမ်းမှာ ဆိုပါသည်။ ကုမ္ဘသဒ္ဒါမှာ ဘ,အက္ခရာကို ချေဖျက်ပြီး ကုံရာသီဟုခေါ်ကြောင်းနှင့် သည်ရာသီမှာ မာဃနက္ခတ်နှင့် ယှဉ်ပြီး လပြည့်ခြင်းကြောင့် မာဃမာသဟုလည်းသဒ္ဒါကျမ်း အဘိဓာန်ကျမ်းတို့မှာ ဆိုပါသည်။

ဝေါဟာရ ရတ္တပကာသနီကျမ်းမှာမူ လယ်ယာလုပ်သားတို့ ထမ်းပိုးဆွဲထားသည်ကို အကြောင်းပြု၍ တပို့တွဲလဟုဆိုပါသည်။ ထို့ပြင် တပို့တွဲလသည် တွဲလျားရှိသည့်အနက်ကို ယူသည်ဟုလည်း ဆိုကြသည်။

ဗုဒ္ဓဘာသာဝင် မြန်မာတို့မှာ ဆယ့်နှစ်လရာသီရှိသလို ဆယ့်နှစ်လရာသီပွဲတော်လည်း လတိုင်းရှိကြသည်။ ပေါက်လဲတွေငုံစီသည့် ကုံရာသီတပို့တွဲရောက်ပြီဆိုလျှင် ရှေးဟောင်းအမွေအနှစ်ကိုထိန်းသိမ်းလာသည့် ပွဲတော်အစဉ်အလာအရ ထမနဲပွဲများ တစ်ပြည်လုံးလိုလို အနှံ့အပြား ပြုလုပ်ကြသည်။ ဘာသာရေးအနေနှင့်ရော၊ ယဉ်ကျေးမှုအနေနှင့်ပါ အနှစ်သာရရှိသော ပွဲတော်တစ်ခုဖြစ်သည်။

ယင်းသို့ တပို့တွဲလမှာ ထမနဲပွဲများ ကျင်းပလေ့ရှိကြခြင်းကြောင့်ပင် ရှေးလူကြီးများက ထမနဲအထိုးမမှားကြစေရန် စာချိုးလေးများ ရေးထားလေ့ရှိကြသည်။ ယင်းစာချိုးလေးမှာ...

ထမနဲထိုးစေဖို့ စာချိုးလို့ မှာခဲ့မယ်
တစ်စိတ်ကယ်ဆန်ကောက်ညှင်းရယ်နှင့်
တစ်ပိဿာဆီကို သွင်းပါလို့ ချင်းကသုံးဆယ်၊
မြေပဲဆန်လှော်တစ်ခွက်ကယ်နှင့်
နှမ်းလှော်ကိုတူစွာဖက်ပါလို့
ဆားမြက်မြက်ထည့်ပါကွယ်
အမျှကွယ်စုပေါင်း...။
အုန်းသီးမှာနှစ်လုံးလှီးကာ တစ်ဖန်နှောပါကွဲ့
ဖောသန်သန်အားမာန်ကြိုးလို့ရယ်....
ထိုးတတ်မှကောင်း။ ။

အထက်ပါစာချိုးလေးထားရစ်ခြင်းကြောင့် ထမနဲထိုးသူများသည် မစဉ်းစားကြရဘဲ အလွန်ကောင်းမွန်သည့် ထမနဲကို ရရှိနိုင်ပါသည်။ ထမနဲသည် အပူလွန်ကဲသည့် ဆီနိုင်သည့် အစားအစာဖြစ်ခြင်းကြောင့် နှင်းမြူမှုံစိုရွှဲသည့် တပို့တွဲလ၏ ချမ်းအေးခြင်းကို ကာကွယ်နိုင်သည့် အာဟာရဟု ဆိုနိုင်သည်။ သို့ကြောင့်လည်း သည်လမှာ ထမနဲထိုးပွဲများ ကျင်းပကြပြီး စားသုံးကြရခြင်းဖြစ်သည်ဟု ဆိုသည်။ အလွန်အေးသော ရာသီဖြစ်သည်နှင့်အမျှ အဆီခြောက်ခန်းနေသည့် ခန္ဓာကိုယ်မှာ ဆီနိုင်သည့်အစာကို စားသုံးခြင်းကြောင့် စိုပြည်လှပပြီး အပူဓာတ်ကို ရရှိနိုင်ခြင်းဖြင့် ပထဝီဓာတ်ပျက်သူများ ထမနဲကိုစားသုံးသင့်ကြောင်း ဆေးကျမ်းများက ဆိုသည်။

သို့ကြောင့်ပင် ရှေးအစဉ်အလာအရ ယာဂုပွဲတော်(ဝါ) ထမနဲပွဲကျင်းပကြခြင်း အကြောင်းကို ရှေးစာဆို စဥ့်ကူးမြို့ပိုင် ဆီသည်ရွာစား မောင်အောင်ကြီး၏ တပို့တွဲလလူးတားမှာ–

တပို့တွဲမူ...မဖွဲမိုးလေ...သုံးလူ့ဆွေလျှင်...လေးထွေအင်စုံ...
ကြိုက်ကြုံအဟုတ်...ပါဋိပုတ်ကို...ဖော်သုတ်စိစစ်...ပြုမြဲဖြစ်
လျက်...ရပ်ရှစ်မျက်နှာ...သံဃာတို့အား...ဆယ်ပါးဝတ္ထု...
ယာဂုအဖျော်...ပူဇော်ရှင်ပြုံးပွဲမဆုံးလျှင်...မီးပုံသဘင်...
လူကြီးရင်လည်း...ရောက်ချင်နိဗ္ဗာန်ကျွန်းတည့်လေး...။

ဟူ၍ ထမနဲလှူဒါန်းကြသည့်အကြောင်း ရေးသားစပ်ဆိုခြင်း ပြုခဲ့ပါသည်။ ထမနဲပွဲကို ရပ်ထဲရွာထဲရှိ လူကြီးများသာမက လုံမပျို များနှင့် လုလင်ပျိုများပါ ပျော်ပျော်ပါးပါး ဆင်နွှဲကြသည်။

ယုဝတီရွှေဝါစိန်

တောရွာများမှာ အထူးသဖြင့် တပို့တွဲလ ထမနဲပွဲအချိန်ရောက်လျှင် ပိုပြီးပျော်ရွှင်ဖွယ်ဖြစ်ပါသည်။ သူတို့ဆီမှာ မြို့ကြီးမှာလို အလွယ်တကူ ရှိသည့် ကောက်ညှင်းဆန်နှင့်ထမနဲထိုးရသည်မဟုတ်ပါ။ ကောက်ညှင်း စပါးကနေ ဆန်ဖြစ်အောင်ထောင်းကြရရာ တချို့အရပ်ဒေသများမှာ ခြေနှင့်နင်းရသော မောင်းနှင့်မထောင်းကြဘဲ လက်ပွေ့မောင်း ကျောက်များ နှင့်ထောင်းရသည့် လက်ဆုံများဖြင့် ထောင်းကြရသည်။ ထို့ကြောင့်ပင် မောင်းထောင်းတေး ပေါ်ပေါက်လာရပြန်ပါသည်။ မောင်းထောင်းသည့် လုံမပျိုများက မိမိတို့မြင်တွေ့နေရသည့် မြင်ကွင်းကိုပါ ထည့်ကာ တေးဆိုကြသည့် အလေ့အထများ ရှိခဲ့သည်။

သည်အကြောင်းနှင့်ပတ်သက်ပြီး ကျွန်မ၏ဖခင်ကြီး ချင်းတွင်းနယ်မှာ ပညာဝန်ထောက်အဖြစ် အမှုထမ်းစဉ် နယ်လှည့်ပြီး ကျောင်းစစ်သည့်အခါ ဟုမ္မလင်းမြို့နယ် နောင်ပူဆောင်ရွာကလေးသို့ ရောက်သွားခဲ့သည်။ ထိုစဉ်က အလှူပွဲမှာ လက်ဆုံတွေနှင့် မောင်းထောင်းကြသည့် လုံမပျိုများ သီဆိုကြသည့် မောင်းထောင်းတေးများကို နှစ်ခြိုက်သည်နှင့် ယင်းခေတ်က မြန်မာ့အလင်းသတင်းစာမှာ မောင်းထောင်းသည့် လုံမပျိုလေးတွေ၏ ပုံနှင့်တကွ မောင်းထောင်းတေးတွေအကြောင်း ဆောင်းပါးရေးခဲ့သည်ကို ကျွန်မအမှတ်ရမိပါသည်။ ဖေဖေသင်ပေး၍လည်း မောင်းထောင်းတေး တစ်စိတ်တစ်ဒေသကို ယနေ့ထိ မမေ့သေးဘဲ ရှိနေပါသေးသည်။

"လက်ဆုံတွေချပါလို့ ဟန်ကျအောင်စီ
ရွှေနောင်သူ ပျိုးအပေါင်းက မောင်းကျောက်ကိုချီ
တေးချင်းတွေသီ ညီအောင်ပအချက်ပေး
ပျော်ပျော်ရွှင်အစဉ်တွဲလို့ နွှဲကြစို့လေး"

"ဟိုရှေ့ကဆူညံ ဘာသံတဲ့မေး
မေးပါနဲ့အေ ရွှေနောင်သူ အလှူပေးတယ်
မောင်းသံတဲ့လေး"
"ဟိုရှေ့က ယောင်ပေပေ သားတစ်ယောက်အဖေ
သားတစ်ယောက်အဖေ လူပျိုလုပ်လို့ ရွာရှုပ်တယ် တော့"

မောင်းထောင်းတေးတွေက များလှပါသည်။ သို့ရာတွင် အချို့ကိုလည်း မေ့နေသည်။

ယခုကဲ့သို့ တေးတကျော်ကျော်နှင့် ထမနဲပွဲဆင်နွှဲကြသည်များမှာ ပျော်စရာကောင်းလှသည်။

ထမနဲထိုးပြီးပြန်တော့လည်း ဘုန်းကြီးကျောင်းနှင့် ဘုရားစေတီများ ကပ်လှူခြင်း၊ အိမ်ပေါက်စေ့ဝေငှကြခြင်းဟူသော အလေ့အထများမှာ ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့ချစ်စရာ ရိုးရာဓလေ့အဖြစ် ကမ္ပည်းတင်နိုင်သည်။

မန္တလေးမြို့မှာမူ မဟာမြတ်မုနိဘုရားကြီးတွင် တပို့တွဲလပြည့် လင်းအရုဏ်ဦးတွင် ထမနဲပွဲများအပြင် မီးပုံထင်းလှူဒါန်းပွဲတစ်ခု ပါရှိပြန်ရာ လင်းအရုဏ်ရောင်နီပျို့လေသည့် ရှုခင်းနှင့် မွှေးကြိုင်သော နံ့သာထင်းတို့၏ရနံ့ ဆွတ်ပျံ့လျက်ရှိပြီး ငြိမ့်ညောင်းသာယာစွာ တီးခတ်လိုက်သည့် နရီသံတို့၏ သာယာဖွယ် ဂီတအလှတို့ ပေါင်းစပ်ဖွဲ့စည်းထားလိုက်ခြင်းအားဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကို မြင်တွေ့နိုင်ပါတော့သည်။

မီးပုံထင်းလှူသောအလေ့ကလည်း အလွန်တရာချမ်းအေးလှသော လဖြစ်သဖြင့် မြတ်ဗုဒ္ဓသက်တော်ထင်ရှား ရှိသည့်အခါကပင် နံ့သာထင်းများ မီးရှို့ပြီး မီးပုံဖွဲ့ကာ လှူဒါန်းကြရသည်ဟု အဆိုရှိပါသည်။ ရတနာပုံ မန်းနေပြည်တော်တွင် ဘုရင်များ စိုးစံစဉ်ကစ၍ မဟာမြတ်မုနိဘုရားကြီးရှေ့မျက်နှာစာတွင် နံ့သာမျိုးငါးပါး မီးရှို့ပြီး လှူဒါန်းခဲ့သည့် ဓလေ့အတိုင်း ယနေ့ထိ "မီးပုံထင်းပူဇော်ပွဲ"သည် နှစ်စဉ်မပျက် ကျင်းပနေဆဲပင် ဖြစ်ပါတော့သည်။ ယင်းသို့ကျင်းပခဲ့ကြသည့် ယာဂုပွဲ (ဝါ) ထမင်းနဲပွဲ ကျင်းပသည့် တပို့တွဲလသည်ကား တစ်ပြည်လုံး စည်ကားရခြင်းသည် တစ်ပြည်လုံးစားရေးရိက္ခာဆူဖြိုးပြီး ပြည့်လျှံခြင်းဟူသော သင်္ကေတကိုလည်း ဆောင်သည်။

ထို့ကြောင့်ပင် ရှေးစာဆိုရှင်တစ်ဦးဖြစ်သည့် လှိုင်မင်းသားဆရာဉာဏ်ဝန်ကြီးဦးဖြေက–

"စုံခြေငယ်ခပင်း ထုံရေငယ်သင်းသည့်
မိုးကြွင်းလေကျန် တည်းညံ့နှင့် ပတ်သံအတာ
သည်ချိန်ခါဝယ် ပွဲယာဂုလှူ
ပြည်လုံးပဲဆူတော့တယ်...ထုံကြူတဲ့
ဘွေဘုံမှာ ထပ်ဆယ်ခြုံလှုံ့ရင်ဝေး
သူတို့ အေးစိမ့်လေချည့်"

ဟူ၍ ယာဂုပွဲလည်းပါ အေးချမ်းသော ရာသီလည်းပါအောင် စပ်ဆိုခြင်း ပြုခဲ့သည်။

စာဆိုရှင်ဆိုသည်က–မိမိ၏ဝန်းကျင်မှာ တွေ့ထိသိမြင်နေရသော ဣဋ္ဌာရုံ–အနိဋ္ဌာရုံ စုံအောင်ရေးဖွဲ့တတ်ကြသည်။

နှင်းမြူစိုရွှဲသည့် တပို့တွဲလတွင် ထမနဲပွဲတော်သာမက "မီးပုံထင်းပူဇော်ပွဲ"သည်လည်း ယှဉ်တွဲပြီး ပါဝင်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်အောင်သမ္ဗုဒ္ဓေစေတီရုံ ဓမ္မ ၁၀၈ ဆူ လှူဒါန်းနိုင်

မြန်အောင် ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတိုက်တွင် တည်ထားသည့် မြန်အောင်သမ္ဗုဒ္ဓေစေတီရုံ ဗုဒ္ဓ ၁၀၈ ဆူ ဗုဒ္ဓါဘိသေက အနေကဇာတင်အောင်ပွဲ ဆင်နွှဲကျင်းပပြီးစီး၍ ရုပ်ပွားတော်အဆူ ၅၀၀ ပါ ဓမ္မ ၁၀၈ဆူ စေတီတော်များ ဆက်လက်တည်ထားပူဇော်နေရာ ကောင်းမှုရှင် ကျောက်စာကမ္ပည်းထိုးပြီး တစ်ဆူလျှင် ကျပ်တစ်သိန်းဖြင့် မြန်အောင် သမ္ဗုဒ္ဓေ ရန်ကုန်အကျိုးတော်ဆောင် ဖုန်း–၀၁–၃၈၄၆၁၈နှင့် မြန်အောင် ဖုန်း–၀၄၄–၅၀၁၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးဝေမှု ပိုမိုတိုးတက်ကောင်းမွန်စေရန် ဘောဂလမ်းထိပ်တွင် ရေစက်တစ်လုံးနှင့် ပိုက်လိုင်းသွယ်တန်းပြီးစီးမှုကို ဇန်နဝါရီ၂၃ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်က စစ်ဆေးရာ အမှုဆောင်အရာရှိဦးအောင်ကျော်ဟိန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကို ဂုဏ်ပြုသောအားဖြင့် တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သောဥက္ကံ–ဂေါ့ကျေးလက်ဂဝံလမ်းသစ်ကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းမောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြတ်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ မွန်ပြည်နယ် ဂျူဒိုဆပ်ကော်မတီက ကြီးမှူး ဖွင့်လှစ်သော အခြေခံ ဂျူဒိုအားကစား သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ သင်တန်းသား တစ်ဦးအား မွန်ပြည်နယ် ဂျူဒိုဆပ်ကော်မတီ အတွင်းရေးမှူးဒေါ်မြမြအောင်က သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်။(က–ပ)

ကျောက်ချောလမ်းခင်း

ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ် သီးကုန်းကျေးရွာ သွားလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို အမှုဆောင် အရာရှိ ဦးတင်ဝင်းနှင့် အင်ဂျင်နီယာများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။(မြို့နယ် စည်ပင်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၆ရပ်ကွက် ဂန္ဓမာလမ်း အမှတ် ၁၉နေ ဦးမြအေး-ဒေါ်အေးသန်း မိသားစုက အလှူငွေ ကျပ်တစ်သိန်းတစ်သောင်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင် တိုက်သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ဒေဝီခင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

(၄၉)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် ၁၇၀-၁၇၆ M.G.W Centre အခန်း ၈၁၀ နေ ဦးတင်ဝင်းထွန်း (Director, Crown Shipping Service Co,. Ltd)**(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၇ ရက်က အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) သွေးလှူဘဏ်၌ (၄၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။**(က-ပ)**

ပေါင်းတည်ပြည်ငြိမ်းအောင် မဟာဆုတောင်းပြည့်စေတီဘက်စုံပြုပြင်ရန်လှူဒါန်း

ပြည် ဖေဖော်ဝါရီ ၁၀

ပြည်ခရိုင် ပေါင်းတည်မြို့နယ် မဟာမင်္ဂလာ အောင်မြေကုန်းတော်တွင် တည်ထားကိုးကွယ်သည့် ပြည်ငြိမ်းအောင် မဟာဆုတောင်းပြည့်စေတီတော် ဘက်စုံ ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ရက် နံနက် ၈နာရီက ပေါင်းတည်မြို့ မင်းကွက် (၂)ရပ်ကွက် အနောက်လမ်း မဟာဝိသုတာရာမ (ရေတွင်းညီနောင်) စာသင်တိုက်တွင် ကျင်းပရာတိုက်အုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓစာရ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ငြိမ်းအောင် မဟာဆုတောင်းပြည့်စေတီတော် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းကို (ဗိုလ်ကြီးမောင်သိုက်-ဒေါ်အုံးကြည်)တို့အား ရည်စူး၍ ရန်ကုန်မြို့နေ ကိုအောင်မျိုးသိုက်-မကေသီလွင်စိုး၊ ကိုခင်မောင်သိန်း-မမို့မို့၊ ကိုဇော်လွင်သိုက် သားသမီးမြေးတစ်စုတို့က ပေါင်းတည်မြို့နယ်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။**(ဝဲပုံ)**

အဆိုပါ စေတီတော်၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ၂၂ရက်မှ ၂၈ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ နှင့် ဇာတ်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

မော်လမြိုင် ရွှေတောင်ကျောင်းတိုက် သိမ်ပန္နက်တင်

မော်လမြိုင် ဖေဖော်ဝါရီ ၁၀

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၂၅၀ ကျော် အကုန်အကျခံ၍ သိမ်သစ် တည်ဆောက်မည့် မြေနေရာသစ်၌ ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ နာယကဆရာတော်များ၊ ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိက ဘဒ္ဒန္တဝိမလ အမှူးပြုသော ဆရာတော်သံဃာတော်များ၊ သိမ်အဆောက်အအုံသစ် တည်ဆောက်မှုလုပ်ငန်းကော်မတီဝင်များနှင့် ကျောင်းဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ထို့နောက် ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး ဆရာတော်သံဃာတော်များနှင့် သိမ်အဆောက်အအုံသစ် တည်ဆောက်မှုလုပ်ငန်းကော်မတီများက ပန္နက်ရိုက်ပေးကြသည်။ **(ယာပုံ)** (၁၆၈)



တာပွန်လမ်းဂဝံခင်း

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော တာပွန်လမ်းဂဝံခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁၅-၂-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ဆင်းရွှေလီအထွက်တိုးစပါး)
၁၁း၃၀ နှစ်ပတ်လည်နေ့ ဂုဏ်ပြုတေးသစ်များ
၁၁း၄၀ ပေးဝေသူနှင့် ဆက်ခံသူ (အစီအစဉ်-၃)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ပြည်ထောင်စုနေ့-ဒေါ်စောမုံညင်း)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (စစ်အတွင်းက ကျွန်တော့်ကံကြမ္မာ-သုခိအောင်)
၁၂း၃၅ ဇာတ်လမ်းပမာ(အနာနဲ့ဆေး)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (အင်တာနက်ပေါ်က ရေဒီယိုခရီး)
၁၆း၃၀ တေးသရုပ်ဖော် (လွမ်းလို့နေမည် နန်းကေသီ)
၁၇း၀၀ ဟောပြောချက် (အသံလွှင့်သမား ဘဝ ဒေသိယစကားများ-နိုင်ဝေ)
၁၇း၃၀ အစာနှင့် အာဟာရ (မန္တလေးမြို့က လက်ဖက်)
၁၇း၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီးဆုရအစီအစဉ်-မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေး၏ ပတ္တလားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)နှစ်(၆၀)ပြည့် မြန်မာ့အသံ မဂ္ဂဇင်း(အထူးထုတ်) မြန်မာ့အသံ မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ
၁၉း၁၅ ဆွေးနွေးခန်း (အငြိမ်းစားဝန်ထမ်းဟောင်းများ ဗိုလ်မှူးကြီး ကျော်ဆန်း (ငြိမ်း)၊ ဒေါ်မူမူမြင့်၊ ဦးသစ္စာ)
၂၀း၃၀ ဆွေးနွေးခန်း (ရွှေမန်းတင်မောင် အမှတ်တရ)

ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် သစ်တစ်ပင်တောင် အတက်လမ်း ချုံရှင်းခြင်းနှင့် မြက်ဖြတ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်ကျော် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အီနိုင်းလုံ-မုံးရင်လမ်းရှိ တံတားနှင့်လမ်းများ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

လားရှိုး ဖေဖော်ဝါရီ ၅

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိရာ လားရှိုးမြို့နယ် အီနိုင်းလုံကျေးရွာနှင့် နမ္မတူမြို့နယ် မုံးရင်ကျေးရွာသို့ ဆက်သွယ်သည့် အဓိကလမ်းဖြစ်သော အီနိုင်းလုံ-မုံးရင် လမ်းပေါ်ရှိ တံတားအဟောင်းများနှင့် ပျက်စီးနေသောလမ်းများ ပြုပြင်ရန် ဇန်နဝါရီ ၂၆ရက်က အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းဋ္ဌေးတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။**(အောက်ပုံ)**

အဆိုပါလမ်းပေါ်ရှိ တံတားလေးစင်းကို ကွန်ကရစ်အုတ်ခုံသစ်သားတံတားများအဖြစ်လည်းကောင်း၊ မြေလမ်းမှ ကျောက်ချောလမ်းအဖြစ် လည်းကောင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဖြစ်ရာ ပြီးစီးပါက အီနိုင်းလုံမှ မုံးရင်ကျေးရွာသို့ ပိုမိုကောင်းမွန်စွာ သွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကြို့ပင်ကောက် အရှေ့လမ်းမတော် ကတ္တရာလမ်းသစ်ဖွင့်

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၁၁

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော အရှေ့လမ်းမတော် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူးဦးထွန်းထွန်းက ကတ္တရာလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဦးလှသိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

အဆိုပါ ကတ္တရာလမ်းမှာ မင်းခေါင်ကျောင်းလမ်းနှင့် အရှေ့ဘုရားကြီးလမ်းအထိ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မင်းခေါင်ကျောင်းလမ်းမှ ရန်ကုန်-ပြည်လမ်းအထိ တိုးချဲ့ကတ္တရာခင်းခြင်းနှင့် အရှေ့ဘုရားကြီးလမ်းမှ အရှေ့မြို့ပတ်လမ်းကြားအထိ ကတ္တရာခင်းခြင်းများကိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၅၈သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

14-2 (16).p65 1 3/26/1905, 8:37 PM

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်းအမှတ်စဉ် (၄) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အဓိကလိုအပ်ချက်ဖြစ် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များဖြင့် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းစိန်၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ သူရဦးမြင့်မောင်၊ ဦးအောင်သိန်းလင်း၊ ဦးဉာဏ်ထွန်းအောင်နှင့် ဦးမောင်ပါ၊ ဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ကာကွယ်တည်ဆောက်

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် မျိုးဆက်သစ်လူငယ်များအား လေ့ကျင့်ပျိုးထောင်မှုများကြောင့် အမျိုးသားရေးစွမ်းရည်တိုးတက်မြင့်မားပြီး နိုင်ငံ့သားကောင်းအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အသွေးများ ပြည့်စုံရရှိမည်ဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသင်းဝင်များသည် ကဏ္ဍစုံ၊ နယ်ပယ်စုံက ပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်သည့်အတွက် အရည်အသွေး၊ အရည်အချင်း မြင့်မားနေမည်ဖြစ်ကြောင်း၊ အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများကသာ နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ ■

ဝန်ကြီး ဦးအောင်သောင်း အထည်အလိပ်စက်ရုံများ ကြည့်ရှုစစ်ဆေး ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်သွားရေး မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း အင်းစိန်စောင်စက်ရုံ အမှတ်(၂၀)ရှိ စွပ်ကျယ်စက်ရုံခွဲသို့ရောက်ရှိပြီး စွပ်ကျယ်ရက်လုပ်မှုများကိုလည်းကောင်း၊ ထုတ်လုပ်ပြီး စွပ်ကျယ်ဖျင်စများကို အရွယ်အစားအလိုက် ဖြတ်စက်ဖြင့် ဖြတ်တောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ချုပ်ပြီး စွပ်ကျယ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် စောင်စက်ရုံသို့ရောက်ရှိပြီး ရက်ဖောက်စက်များဖြင့် ရက်ဖောက်ခြင်းလုပ်ငန်းများ၊ဂွမ်းစောင်များ ရက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံမှ ထုတ်လုပ်ထားသော နေကြာပန်းတံဆိပ် တစ်ထပ်ဂွမ်းစောင်များကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ထုတ်လုပ်သွားရေး မှာကြားသည်။

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းပိုင် စက်ရုံသို့ရောက်ရှိပြီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကုန်ထုတ်စက္ကူစက်ရုံ၏ စက်များတပ်ဆင်မည့်နေရာ၊ စက်ရုံ၏နေရာအကျယ်အဝန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားရေး မှာကြားသည်။

လိုအပ်ချက်များမှာကြား

ဆက်လက်၍ ဝန်ကြီးသည် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်ရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဖိနပ်စက်ရုံ အမှတ်(၁)စက်ရုံခွဲ (ဖော့ကန်)သို့ ရောက်ရှိကာ ယင်းစက်ရုံအတွင်း

စာမျက်နှာ ၇ ကော်လံ ၁ ●

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း အင်းစိန်စောင်စက်ရုံ အမှတ်(၂၀)ရှိ စွပ်ကျယ်စက်ရုံခွဲမှ ထုတ်လုပ်ပြီး စွပ်ကျယ်များအား ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး